# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 27 December 2022 ၁၀၉၆၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၆

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံမိခင်နှင့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

**ဒီလိုပွဲတွေကို ကျင်းပပေးတဲ့အတွက် လူငယ်တွေ စာပေအနုပညာတွေကိုလည်း သိရှိသွားစေတဲ့အပြင် ဗဟုသုတတွေလည်း များစွာရရှိစေလို့ အလွန်ကောင်းမွန်ပါတယ်**

စာမျက်နှာ » ၁၂

**တူကီယဲနိုင်ငံက စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများ တင်သွင်းမှုအတွက် အခွန်ကောက်ခံမှုကို သုညရာခိုင်နှုန်းထိ လျှော့ချ**

စာမျက်နှာ » ၂၂

**စိန်ရတုလွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် ဂလိုဘယ်လိုက်ဇေးရှင်း**

ဆောင်းပါး စာမျက်နှာ » ၁၈

**လူငယ်နှင့်ဘဝ အောင်မြင်ရေး**

**ကြီးပွားအောင်မြင်ခြင်းဆိုတာ ဘာလဲ**

စာမျက်နှာ » ၂၀

**“ဗွေ”ရှိသူဖြစ်ချင်သလား**

စာမျက်နှာ » ၂၁

ကြေးမုံ

# လွတ်လပ်ရေးဦးတည်ချက်များကို ရှေးရှုကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအပေါင်းတို့သည် ရှေးပဝေသဏီကာလကတည်းက တစ်မြေတည်းတွင် အတူနေထိုင်သည့် တစ်အူထုံ့ဆင်းမောင်နှမအရင်းများ ဖြစ်ကြသည်။ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများဟူသည့် အသိစိတ်ဓာတ်ဖြင့် သင့်မြတ်စွာ အကျိုးတူနေထိုင်ခဲ့ကြသည်။ နှစ်ပေါင်းထောင်ချီကြာလာခဲ့သည့် သမိုင်းကြောင်းတစ်လျှောက်၌ ပြည်ထောင်စုအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကိုလည်း ပူးပေါင်းလက်တွဲ၍ တွန်းလှန်ခဲ့သည့် သမိုင်းကြောင်းအစဉ်အလာများ ရှိခဲ့သည်။

စည်းလုံးညီညွတ်စွာ စုစည်းနေထိုင်ခဲ့သောကြောင့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူ၍ တောင့်တင်းခိုင်မာသော ပြည်ထောင်စုကြီးဖြစ်တည်လာခဲ့သည်။ သို့သော် ပဒေသရာဇ်စနစ်၏ အားနည်းမှုများနှင့် အင်အားတောင့်တင်းသည့် တပ်မတော်အဖြစ် မတည်ဆောက်နိုင်သောကြောင့် ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည်။ ထို့နောက် စည်းလုံးညီညွတ်သော အမျိုးသားအားမာန်များဖြင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ (၇၅)နှစ်မြောက် စိန်ရတုကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်မှာ စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု အကျိုးဆက်အဖြစ် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းအကြားတွင် ယုံကြည်မှုများ လျော့နည်းခဲ့ပြီး သံသယစိတ်များကြောင့် လက်နက်ကိုင်ပဋိပက္ခများကို ယနေ့ထက်တိုင် ဖြေရှင်းနေရဆဲဖြစ်သည်။ မငြိမ်းချမ်းခြင်း၏ ဆိုးမွေများကို တိုင်းရင်းသားပြည်သူများ ကြုံတွေ့ခံစားကြရသည်။ မငြိမ်းချမ်းခြင်း၏ အကျိုးဆက်ကြောင့် အချို့ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျပြီး လွတ်လပ်ရေး၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှ မခံစားရသေးပေ။ ပြည်ထောင်စုကြီး အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူမျှဝေခံစားနိုင်ရန်အတွက် စည်းလုံးညီညွတ်မှုသည် အဓိကအချက်ဖြစ်သည်။

ခေတ်အဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့သော အစိုးရများအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း စည်းလုံးညီညွတ်မှုအားနည်းမှုကြောင့် လိုရာပန်းတိုင်သို့ မရောက်နိုင်သေးပေ။ မျက်မှောက်ကာလတွင် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများ၏ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန် ရည်မှန်းဆောင်ရွက်နေသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အတိုင်း အလေးထားလုပ်ဆောင်နေသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ယင်းတို့သည် တိုင်းရင်းသားပြည်သူများအတွက် မဖြစ်မနေလိုအပ်သည့် ရည်မှန်းချက်များဖြစ်သည်။

စိန်ရတုလွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့်အမျိုးသားရေးဦးတည်ချက်များတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး "ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာရေးတို့ပါဝင်သည်။

သို့ဖြစ်ရာ မကြာမီကျရောက်တော့မည့် ထူးကဲသည့် စိန်ရတုလွတ်လပ်ရေးနေ့ကာလတွင် ချမှတ်ထားသော အမျိုးသားရေးဦးတည်ချက်များသည် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေသည့် တိုင်းရင်းသားပြည်သူများ မျှော်မှန်းချက်များနှင့် ထပ်တူဖြစ်၍ နိုင်ငံတော်၏ အမျိုးသားရေးဦးတည်ချက်များ အောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## မအူပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးမြို့နယ်အဆင့် စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

မအူပင် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းသည် လွန်စွာအရေးကြီးကြောင်း၊ မှန်မှန်ကန်ကန် စနစ်တကျ စာရင်းကောက်ယူနိုင်ရေး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများနှင့်သင်တန်းတက်ရောက်လာသူများ အနေဖြင့် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရေး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုကျော်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၈၁ | ၇၁၀,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၅၀ | ၂၂၇ | ၇၂၆,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၇၅၀ | ၂၀ | ၁၅၀,၄၀၀ |
| FPB | ၁၉,၀၀၀ | ၁၈,၅၀၀ | ၁,၄၅၈ | ၂၇,၀၁၇,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁,၂၅၀ | ၃,၂၅၀,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၃၁.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၄၄၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၅၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၀၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၁.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၇.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၇.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၄.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြီးမြတ်သောမြန်မာ မှတ်တမ်းရုပ်ရှင်ရိုက်ကူးခဲ့မှု မှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေနှင့် ဦးမင်းသိန်းဇံတို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



❂ ရှေ့ဖုံးမှ

ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ သာမဏေများနှင့် သီလရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေနှင့် ဦးမင်းသိန်းဇံတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ပြခန်းများနှင့် "ကြီးမြတ်သောမြန်မာ"မှတ်တမ်း ရုပ်ရှင်ရိုက်ကူးခဲ့မှု မှတ်တမ်းပြခန်းတို့ကို ၂ နာရီခွဲကြာ စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် လူငယ်နှင့် စာပေအနုပညာပြပွဲ အခမ်းအနား ဒုတိယပိုင်းကို ညီလာခံခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "သွေးရင်းများပီပီ" တေးသီချင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ"တေးသီချင်း၊ အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ နှင့် အနုပညာရှင်များက "ဇာတိမာန်"တေးသီချင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမှ ကျောင်းသား ကျောင်းသူများက "ထာဝရ မြန်မာ"တေးသီချင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "ပြည်ထောင်စုအင်အား" တေးသီချင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်း ကျောင်းမှ

**စာမျက်နှာ ၄ သို့** »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ကျောင်းသားကျောင်းသူများက “ထာဝရငြိမ်းချမ်းရေး” တေးသီချင်း၊ မြန်မာပြည်သိန်းတန်က “လွတ်လပ်ရေးတေးသံ”တေးသီချင်း၊ တင်မောင်ဆန်းမင်းဝင်းနှင့်အဖွဲ့က “တာဝန်ကိုယ်စီထိန်းသိမ်းမည်” တေးသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

**ရည်ရွယ်ချက်များ**

အဆိုပါ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရေး၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကိုသိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို အလွယ်တကူသိမြင်နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြပွဲကို ဒီဇင်ဘာ ၂၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ပြခန်းပေါင်း ၆၂ ခန်း ဖွင့်လှစ်ပြသထားကာ စာအုပ်၊ စာစောင်ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ “ကြီးမြတ်သောမြန်မာ” မှတ်တမ်းရုပ်ရှင် ရိုက်ကူးခဲ့မှု မှတ်တမ်းပြခန်းများကို စိတ်ပါဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသဖွင့်လှစ်ထားရှိပြီး ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ပြည်သူများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ပြခန်းပေါင်း ၆၂ ခန်း ဖွင့်လှစ်ပြသထားကာ စာအုပ်၊ စာစောင်ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ “ကြီးမြတ်သောမြန်မာ” မှတ်တမ်းရုပ်ရှင် ရိုက်ကူးခဲ့မှု မှတ်တမ်းပြခန်းများကို စိတ်ပါဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသ ဖွင့်လှစ်ထားရှိပြီး ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ပြည်သူများအနေဖြင့် လာရောက်လေ့လာနိုင်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပမှုမြင်ကွင်း

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ ရက်တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ တစ်ခဲနက် ပါဝင်ဆင်နွဲနေမှုကို ဖော်ပြအပ်ပါသည်-



ပြည်ထဲရေးဝန်ကြီးဌာန ပြခန်း




ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း





စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြခန်း



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြခန်း



ပြည်ထဲရေးဝန်ကြီးဌာန ပြခန်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်း



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပြခန်း

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပမှုမြင်ကွင်း

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ ရက်တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ တစ်ခဲနက် ပါဝင်ဆင်နွှဲနေမှုကို ဖော်ပြအပ်ပါသည်-



ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်း







ပညာရေးဝန်ကြီးဌာန ပြခန်း




ကျန်းမာရေးဝန်ကြီးဌာန ပြခန်း



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်း



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြခန်း



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပြခန်း

**“အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။”**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]



ပုဂံရှုခင်းအလှ ဓာတ်ပုံ - ဦးနေလင်း (မြန်/ဆက်)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ စတင်ကျင်းပ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၆

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂၌ စတင်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

**ပြသထား**

အဆိုပါပြပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ပြခန်းများဖြစ်သည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ လွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံတော်အလံလွှင့်တင်ခြင်းအခမ်းအနား မှတ်တမ်းမှတ်ရာ၊ လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးအသိအမှတ်ပြုစာတမ်း၊ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်၊ မြန်မာနိုင်ငံတော်အလံများနှင့် ၁၉၄၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်တို့ကို ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်နှင့် ရွှေလျားစာအုပ်အရောင်းဆိုင်များ၊ စာပေဗိမာန်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို ပြသထားသည်။


ကြီးမြတ်သောမြန်မာ မှတ်တမ်းရုပ်ရှင်ဇာတ်ကားကြီးအား လာရောက်ကြည့်ရှုအားပေးကြသူများကို တွေ့ရစဉ်။

ထို့ပြင် ပြည်သူများ သိသင့်သိထိုက်သည့် သမိုင်းဝင်စာချုပ်၊ စာတမ်းများနှင့် ကျောက်စာများပြခန်း၊ အမျိုးသားစာကြည့်တိုက်ပြခန်း၊ ရေကြောင်း၊ လေကြောင်း၊ မြန်မာ့မီးရထားနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ ရွှေ့လျားသိပ္ပံနှင့် နည်းပညာပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှုပြခန်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးနှင့် ဆေးလိပ်/ဆေးရွက်ကြီးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးပြခန်း၊ လူငယ်များ သိသင့်သိထိုက်သည့် အားကစားနှင့် လူငယ်ရေးရာပြခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းပြခန်း စသည်ဖြင့် ပြခန်းပေါင်း ၆၀ ကျော်တို့ကို ခင်းကျင်းပြသထားသည်။

**စည်ကားလျက်ရှိ**

အလားတူ စာအုပ်စာပေဖတ်ရှုရန် စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များအတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေးစာအုပ်များ၊ ကျန်းမာရေးကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေး စီမံခန့်ခွဲမှုစာအုပ်များနှင့် သမိုင်းစာအုပ်များခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲအတွင်း၌လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု စာရေးဆရာများ၏ ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသထားရာ ဓာတ်ပုံချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို သိရှိစေနိုင်မည့် အထူးဖျော်ဖြေရေး အစီအစဉ်များအဖြစ် ကြီးမြတ်သောမြန်မာ၊ သူ့ကျွန်မခံပြီနှင့် ငဘ ရုပ်ရှင်ကားများကိုလည်း အနုပညာဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် နေ့ရက်အလိုက် တင်ဆက်ပြသမှုများ၊ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၈ သို့ »»**


(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၇ မှ

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သော ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရန်အတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံးနည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများ၊ ရိုက်ကွင်းပုံရိပ်များကို ပြည်သူများသိရှိနိုင်စေရန် ပြသထားပြီး သိရှိလိုသည်များကိုလည်း အနုပညာရှင်များက ရှင်းလင်းပြသပေးကြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံစေတီတော်၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး၊ ကျိုက်ထီးရိုး စေတီတော်နှင့် အင်းလေးဖောင်တော်ဦးဘုရားများ ပါဝင်ပြီး သာယာလှပသော တောတောင်ရှုခင်းများ၊ မြန်မာ့ရိုးရာ လက်မှုအတတ်ပညာများဖြစ်သော ရွှေပန်းထိမ်အတတ်ပညာ၊ ပန်းတဉ်းအတတ်ပညာ၊ ရွှေချည်ထိုး၊ ရွှေဆိုင်းပြုလုပ်ပုံအဆင့်ဆင့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ပေါင်းစပ်ရိုက်ကူးတင်ဆက်ထားသည့်အတွက် လက်လွတ်မခံဘဲ လာရောက်ကြည့်ရှုသင့်သည့် ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်သည်။

## လူကြိုက်များသည့်ပြခန်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့်လည်း ပြည်တွင်းနှင့် နိုင်ငံတကာရှိ သတင်းထူး၊ သတင်းဦးများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို www.mdn.gov.mm website နှင့် Mobile Application မှ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ကြောင်းကို ပြခန်းဖွင့်လှစ်၍ ပြပွဲလာသူများ သိရှိနိုင်စေရန် အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် “မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့”ဆောင်ပုဒ်ဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေး ဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သော ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှု ပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းပြခန်း၌လည်း ပုသိမ်ထီး လက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို လက်မှုပညာရပ်တစ်ခုအနေဖြင့် ပြသပြီး ဒေသထွက် အစားအစာများဖြစ်သော ပုသိမ်ဟာလဝါ၊ ခြံထွက်နွားနို့၊ ဒိန်ချဉ်၊ ငှက်ပျောကြော်နှင့် ပုသိမ်ထီးများကိုလည်း ရောင်းချပေးလျက်ရှိရာ လာရောက်အားပေးဝယ်ယူသူများဖြင့်လည်း စည်ကားခဲ့သည်။

အဆိုပါပွဲတော်ကြီးသို့လာရောက်လေ့လာဆင်နွှဲကြသည့် လူငယ်များနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်အတွက်လည်း ဝန်ကြီးဌာနအသီးသီးအလိုက် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများနှင့် ပဟေဠိကစားနည်းများကို အသိပညာပေးနည်းလမ်းများ တွဲဖက်၍ ကစားစေပြီး ဆုများချီးမြှင့်သည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ထို့ပြင် ပြပွဲသို့လာရောက်ကြသူများ တစ်စုံတစ်ရာ ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါကလည်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များကိုလည်း ထည့်သွင်းထားကာ ပြပွဲဧရိယာအတွင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ အသိပညာပေးဆိုင်းဘုတ်များ၊ ဗီနိုင်းများကိုလည်း နေရာအနှံ့ ချိတ်ဆွဲဖော်ပြပေးထားသည်။

## ရည်ရွယ်ကျင်းပ

အဆိုပါ ပြပွဲအား ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ သိသင့်သိထိုက်သည့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနုပညာဆိုင်ရာ အကြောင်းအရာများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပြသမည့် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သောကြောင့် လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ - ကိုထိန်**








(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

❍ ကစားသမားမှ

ဂျန်နဲလ်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရပြီး ဒုတိယပိုင်း ၅၄ မိနစ်မှာ တိုနေးရဲ့ သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရတာကြောင့် နှစ်ဂိုးပြတ်နဲ့ ဘရန်းဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့ရာကနေ ဒုတိယပိုင်း ၆၅ မိနစ်မှာ ဟယ်ရီကိန်းရဲ့ သွင်းဂိုး၊ ၇၁ မိနစ်မှာ ဟော့ဂျ်ဘတ်ရဲ့သွင်းဂိုးတွေ ရရှိခဲ့လို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ စပါးအသင်းနဲ့အတူ သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲသမိုင်း Boxing Day ကစားခဲ့တဲ့ပွဲစဉ်တွေမှာ သွင်းဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး လက်ရှိအချိန်မှာ Boxing Day ၌ သွင်းယူခဲ့တဲ့ ဟယ်ရီကိန်းရဲ့ ပရီမီယာလိဂ်သွင်းဂိုးဟာ ၁၀ ဂိုးအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းနဲ့ စပါးအသင်းတို့ဟာ အခုပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၁၆ ပွဲကစားပြီးချိန်မှာ စပါးအသင်းက ရမှတ် ၃၀ ရရှိခဲ့ပြီး ဘရန်းဖို့ဒ်အသင်းကတော့ ရမှတ် ၂၀ ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

## အသိပေးနှိုးဆော်ချက်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅) ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဍေဝ့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်က "သာရဏီယ ဩဝါဒကထာ" ဖတ်ကြားသည်။

**လျှောက်ထား**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးနှစ်ပါးနှင့် တိပိဋကဓရ တိပိဋကကောဝိဒဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန်သံဃာနှင့် သဘောရေးဖြေသံဃာတော်များအတွက် အလှူရှင် ၂၄ ဦးက စုစုပေါင်းလှူဒါန်းငွေကျပ် ၈၉၄၈၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ဍေဝ့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုတော်မူကြသော စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယနေ့ ဆွမ်းအလှူရှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က (၄)ကြိမ်မြောက် အရုဏ်ဆွမ်း/ နေ့ဆွမ်းများကို လှူဒါန်းကြသည်။

ယနေ့ စတင်ကျင်းပသည့် (၇၅) ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက် တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ ၄၂၆ ပါး ဝင်ရောက်ဖြေဆိုမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ်သင်တန်းမှ ကျောင်းသားကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ (ပထမနှစ်)သင်တန်းကို နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သစ်လွင်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူး (စီမံ/ဘဏ္ဍာ)၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ စာကြည့်တိုက်မှူး၊ အဆောင်မှူးများနှင့် သစ်လွင်ကျောင်းသား ကျောင်းသူ ၅၇၄ ဦး တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားရာ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးရခြင်းဖြင့် ဆရာအတတ်ပညာများနှင့် အဓိကဘာသာရပ်ကြီးများပူးပေါင်းထားသော ခေတ်မီ သင်ရိုးများကို သင်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ခေတ်မီပေါင်းစပ်ပညာရေးကို သင်ယူနိုင်ခြင်းအားဖြင့် မဝေးသောအနာဂတ်တွင် အရည်အသွေးရှိသော သင်ကြား၊ သင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ဆရာ ဆရာမများ အမှန်တကယ်ဖြစ်လာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်းများက မိတ်ဆက်ကြပြီး ပညာရေးဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်တို့မှ ပါမောက္ခ(ဌာနမှူး)များက ဘာသာရပ်နှင့်ပတ်သက်၍လည်းကောင်း၊ မော်ကွန်းထိန်းက သင်တန်းရေးရာနှင့်ပတ်သက်၍ လည်းကောင်း မိတ်ဆက်စကား ပြောကြားကြကြောင်း သိရသည်။

**သတင်းစဉ်**





# မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲစာရင်းများပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းထပ်နေမှုများအား CROSS CHECK စနစ်ဖြင့်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား CROSS CHECK စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းအား Cross Check ပြုလုပ်ထားရှိမှုကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသော ဌာနအသီးသီးမှ တာဝန်ခံအရာရှိများက အထွေထွေဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူဆရာ ဆရာမများအား ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက ဖျော်ဖြေတင်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် စာလုံးစာသားနှင့် ပုံရိပ်များကို သရုပ်ဖော်ပြသကြမည့် နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၁၀၀ နှင့် ကြီးကြပ်သူ ဆရာဆရာမများ အပန်းပြေပျော်ရွှင်စေရေးအတွက် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက ယနေ့ညနေပိုင်းတွင် ၎င်းတို့တည်းခိုရာ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်များသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး ဂေါက်သီးရိုက်(အမျိုးသား)ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) ဂေါက်သီးရိုက် (အမျိုးသား)ပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။



ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းက တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချစ်ရင်ထူး (ပဲခူးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသည့် ကျော်နိုင်ဦး (ရှမ်းပြည်နယ်)နှင့် တတိယဆုရရှိသည့် အောင်မျိုးထွန်း(တနင်္သာရီတိုင်းဒေသကြီး) တို့ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကောင်းထိုက်ဇော် (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသည့် ဆိုင်းဒူ (ကချင်ပြည်နယ်)နှင့် တတိယဆုရရှိသည့် နေသူရိန်မင်း (မကွေးတိုင်းဒေသကြီး)တို့ကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ကိုလည်းကောင်း တစ်ဦးချင်းဆုဆွဲပြား၊ ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တံခွန်စိုက်ဆုဖလား ရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) ဂေါက်သီးရိုက် (အမျိုးသား)ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြကာ ဂေါက်သီးရိုက်အားကစားနည်း ပိုမိုတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဂေါက်သီးရိုက် အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆီဆိုင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ဆီဆိုင် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်လွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဒုတိယအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းနုက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်ထက်ထက်ဝင်းဖေနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ပင်လွန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်းကို ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသူ အသင်းသား ၆၅ ဦးအား ဒုတိယအကြိမ်မြောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) တိုင်းရင်းသားပေါင်းစုံ ခရစ်ယာန်ဘာသာဝင်များ ခရစ်တော်မွေးနေ့တော်မြတ်အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်းအခမ်းအနား ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၆

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တိုင်းရင်းသားပေါင်းစုံ ခရစ်ယာန်ဘာသာဝင်များက ခရစ်တော် မွေးနေ့တော်မြတ် အထိမ်းအမှတ် ဝတ်ပြုဆုတောင်း ခြင်း အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန် မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂၀/၂၂)အလံပြဘုရားလမ်းရှိ မက်သဒစ် အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရစ်ယာန်အသင်းတော်များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ သိက္ခာတော်ရဆရာ ဦးအောင်မင်းက ကောင်းချီးတောင်းခံခြင်း အစီအစဉ်ကို ဆောင်ရွက်ပြီး မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်မှ ဓမ္မသီချင်း(ကွာယာ)ဖြင့် သီဆိုဆုတောင်းကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာ ဒေါက်တာ ဦးညွန့်လှ၊ သိက္ခာတော်ရဆရာ ဦးခင်မောင်လွင်တို့က အထူးဆုတောင်းခြင်းနှင့် မွေးနေ့တော်ဒေသနာ ဟောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင် မိတ်သဟာယအဖွဲ့ (ခဝဲခြံ)၊ တရုတ်ဇော် ဂေလီကျမ်းစာကျောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့မှ ဓမ္မသံစုံသီချင်းများဖြင့် သီဆိုကြသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နာယက ဦးမြင့်သန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဧည့်ပရိသတ်များက "ယေရှုကြွလာတော်မူကျူး"ဓမ္မသီချင်းဖြင့် သီဆိုဆုတောင်းကြပြီး မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ်မှ Bishop ဦးချစ်ညွန့်က ပဋ္ဌနာတော် ဆုတောင်းခြင်းနှင့် ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဦးစီးနာယက၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းကလည်းကောင်း၊ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ဝင်းတို့က ခရစ္စမတ်လက်ဆောင်များ ပေးအပ်ကြပြီး မိတ်သဟာယ ညစာစားပွဲကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ခရစ္စမတ်ပွဲတော် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၆

ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ်ပွဲတော်ဖြစ်သည့် ခရစ္စမတ်ပွဲတော်ကို ယမန်နေ့ ညပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၊ နမ့်စန်မြို့နှင့် ကွန်ဟိန်းမြို့တို့ရှိ ခရစ်ယာန်အသင်းတော်မှ သင်းအုပ်၊ ဓမ္မဆရာများ၊ ခရစ်ယာန်ဘာသာဝင်များ၊ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ခရစ်ယာန်ဘာသာဝင် စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ခရစ္စမတ်ပွဲတော်နှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ခိုလမ်မြို့ရှိ ခရစ်ယာန်အသင်းတော် သင်းအုပ်ဆရာတော်က ခရစ္စမတ်ပွဲတော်ကို ကျင်းပပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ခရစ္စမတ်ဆုမွန်ကောင်းများ တောင်းပေးသည်။

ယင်းနောက် တိုင်းမှူးက လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော် သင်းအုပ်ဆရာ၊ ဓမ္မဆရာ၊ ခရစ်ယာန်ဘာသာဝင် စစ်သည်၊ မိသားစုဝင်များနှင့် တက်ရောက်လာကြသူများအား ခရစ္စမတ်အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့နှင့် ခရစ်ယာန်ဘာသာဝင်စစ်သည်၊ မိသားစုဝင်များက ဓမ္မသီချင်းများ၊ ခရစ္စမတ်ဆုတောင်းသီချင်းများဖြင့် သီဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# အုတ်ဖိုမြို့၌ လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းကောက်ယူနိုင်ရေး သင်တန်းပို့ချ

အုတ်ဖို ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့တော်ခန်းမ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းကောက်ယူနိုင်ရေး သင်တန်းပို့ချခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ် Working Group မှ တွဲဖက်အတွင်းရေးမှူး ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်ဝင်းလတ်က လူဦးရေစာရင်း မြေပြင်ကွင်းဆင်း ကောက်ယူရေးလုပ်ငန်း၊ မြေပြင်ရှိနှင့် အိမ်ထောင်စုလူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းစာအုပ်များ မှန်ကန်သော စာရင်းရရှိရေး မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းလမ်းညွှန်ချက်များကို သင်တန်းသို့ တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဟောပြောဆွေးနွေးပို့ချခဲ့သည်။

**ဆောင်ရွက်သွားမည်**

အုတ်ဖိုမြို့နယ်အတွင်း လူဦးရေစာရင်း မှန်ကန်စေရေးအတွက် အိမ်ထောင်စု လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်း လုပ်ငန်းကို မြို့နယ်ဦးစီးကော်မတီ၊ မြို့နယ်ကြီးကြပ်မှု ကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြီးကြပ်မှုကော်မတီက ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်စု စာရင်းကောက်အဖွဲ့များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အောင်သူ (ပြန်/ဆက်)



# ချင်းပြည်နယ် ဖလမ်းမြို့၌ ဌာနဆိုင်ရာ ခရစ္စမတ်စုပေါင်းမိတ်ဆုံညစာစားပွဲ ကျင်းပ

ဖလမ်း ဒီဇင်ဘာ ၂၆

ချင်းပြည်နယ် ဖလမ်းမြို့၌ ချင်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့မှုအစီအစဉ်ဖြင့် ဌာနဆိုင်ရာ စုပေါင်းမိတ်ဆုံညစာစားပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဖလမ်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက စုပေါင်းမိတ်ဆုံညစာစားပွဲ ကျင်းပသည့် အခြေအနေနှင့် ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး စုပေါင်းမိတ်ဆုံညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ခရစ္စမတ်စုပေါင်းမိတ်ဆုံညစာစားပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အဖွဲ့ဝင်(၁)ဒုတိယ ဗိုလ်မှူးကြီး ဝင်းဇော်လတ်၊ အဖွဲ့ဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးရေချမ်း၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မိုးနိုင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီက ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့မှုအစီအစဉ်ဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်း ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူးနှင့်အတူ ခရစ္စမတ် မိတ်ဆုံညစာစားပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရဲမြင့်အောင်



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဒီလိုပွဲတွေကိုကျင်းပပေးတဲ့အတွက် လူငယ်တွေ စာပေအနုပညာတွေကိုလည်း သိရှိသွားစေတဲ့အပြင် ဗဟုသုတတွေလည်းများစွာရရှိစေလို့ အလွန်ကောင်းမွန်ပါတယ်

ဒေါ်စောနန်းနွယ်

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊
အေးအေးသန့်
ဓာတ်ပုံ - ကိုထိန်

နေပြည်တော် ဒီဇင်ဘာ ၂၆

လူငယ်နှင့် စာပေအနုပညာပြပွဲကို ယနေ့မှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်ကြီးတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စာပေဆိုင်ရာအကြောင်းအရာများ၊ အနုပညာရပ်ဆိုင်ရာအကြောင်းအရာများ ပါဝင်သည့် ပြခန်းပေါင်း ၆၀ ကျော် ပါဝင်ပြသထားပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်း၊ သမိုင်းဖြစ်ရပ်များကို သိရှိနိုင်စေမည့် ရုပ်ရှင်ဇာတ်ကားကောင်းများကိုလည်း ထည့်သွင်းပြသလျက်ရှိရာ စိတ်အားထက်သန်စွာ လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ရင်တွင်းခံစားချက်များကို အများပြည်သူသိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။


ဦးအုန်းမြင့်


ဦးနေဝင်း


ဒေါ်စောနန်းနွယ်


ဒေါက်တာရွှေဝါဝင်း


ဦးလှဦး

**ဦးအုန်းမြင့်**
**(သယံဇာတရေးရာ ဝန်ကြီး၊ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့)**

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ပုသိမ်မြို့မှာ နာမည်ကြီးတဲ့ ပုသိမ်ထီးလုပ်ငန်းရယ်၊ ဧရာဝတီတိုင်းကထွက်တဲ့ ဟာလဝါ၊ ငှက်ပျောကြော်၊ ဒိန်ချဉ်၊ နွားနို့စတာတွေကို သင့်တင့်မျှတတဲ့ အရင်းအတိုင်း ဈေးနှုန်းများနဲ့ ရောင်းချပေးပါတယ်။ ပြပွဲမှာ ပုသိမ်ထီးပြုလုပ်ပုံ အဆင့်ဆင့်ကိုလည်းပြသထားပါတယ်။ မြန်မာ့ရိုးရာ ပုသိမ်ထီးလုပ်ငန်းဟာ နှစ်ပေါင်းများစွာကြာပြီး နာမည်လည်းရှိပြီးဖြစ်ပါတယ်။ ဒါကို မတိမ်ကောမပပျောက်အောင် ထိန်းသိမ်း စောင့်ရှောက်ကြဖို့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာထီးလုပ်ငန်း လက်တွေ့လုပ်ဆောင်တာ တွေ့မြင်သွားမယ်၊ ဗဟုသုတလည်းရသွားမယ်၊ နောက်ပြီး ဧရာဝတီတိုင်းဒေသကြီးရဲ့ SME ထွက်ကုန်တွေကိုလည်း သိရှိသွားပါမယ်။ အဓိကအားဖြင့် လူငယ်တွေမြန်မာ့ရိုးရာ လက်မှုလုပ်ငန်းကို ဗဟုသုတအနေနဲ့ သိရှိစေဖို့ဖြစ်ပါတယ်။

ကျွန်တော် ပြခန်းတွေကို လိုက်ကြည့်တဲ့အခါ လူငယ်တွေအတွက် တီထွင်ထားမှုတွေဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ ရေကြောင်း တက္ကသိုလ်၊ လေကြောင်းတက္ကသိုလ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကဆောင်ရွက်ထားတဲ့ ပုံစံငယ်ပြကွက်တွေဟာ လူငယ်တွေအတွက် ဗဟုသုတများစွာရရှိစေမှာဖြစ်ပါတယ်။ စာအုပ်စာပေတွေမှာဆိုရင်လည်း အရင်ကမဖတ်ဖူးသေးတဲ့ စာအုပ်စာတမ်းတွေကိုတင်ပြထားတဲ့အတွက်ကျောင်းသား ကျောင်းသူတွေနဲ့ ကလေးငယ်များအတွက်လည်း အသိပညာတွေ တိုးပွားစေမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြပွဲမှာ ဧရာဝတီ တိုင်းဒေသကြီးက ထွက်ကုန်တွေကို ပြသခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

**ဦးနေဝင်း**
**(ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)**

ပြပွဲမှာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့တဲ့ အားကစားသမားတွေရဲ့ ရုပ်တုတွေကို ပြသထားပါတယ်။ ဒါတွေကိုကြည့်ပြီး လူငယ်တွေအနေနဲ့ သူတို့လို နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ အားကစားသမားတွေကို အားကျပြီး ကြိုးစားလိုစိတ်ပေါ်ထွန်းလာအောင် ရည်ရွယ်ထားခြင်းဖြစ်ပါတယ်။ နောက်ပြီးလူငယ်တွေဟာ နိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်ရေးရာဦးစီးဌာနအနေနဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာနိုင်စေဖို့အတွက် ဆောင်ရွက်ရမယ့်အရာတွေကို ကူညီပံ့ပိုးပေးဖို့နဲ့ ဗလငါးတန်ပြည့်စုံပြီး နိုင်ငံအကျိုးသယ်ပိုး ထမ်းဆောင်နိုင်တဲ့အထိ ဆောင်ရွက်ပေးဖို့ ရည်ရွယ်ထားပါတယ်။ ဒီလိုပြပွဲပြုလုပ်ပေးတာ လူငယ်တွေအတွက် ကောင်းမွန်ပါတယ်။ လူငယ်တွေဟာ အခုအချိန်မှာ စာပေ၊ အားကစားနဲ့ အနုပညာတွေကို စိတ်ပါဝင်စားပြီး တစိုက်မတ်မတ် ဆောင်ရွက်မယ်ဆိုရင် လမ်းမှားမရောက်ရှိတော့ဘဲ နိုင်ငံချစ်စိတ်တွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒီလိုပွဲတော်တွေကို မကြာခဏပြုလုပ်ပေးဖို့နဲ့ လူငယ်နဲ့ပတ်သက်တဲ့ စာပေဝိုင်းတွေကိုလည်း ဆက်လက်ဆောင်ရွက်စေလိုပါတယ်။

**ဒေါ်စောနန်းနွယ်**
**(ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**

ဒီနေ့ပြပွဲမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အစီအစဉ်ငါးမျိုးပါဝင်ပါတယ်။ ကျောင်းသူကျောင်းသား လူငယ်တွေအတွက် ဉာဏ်စမ်းပဟေဠိ ဖြေဆိုတဲ့ ပြကွက်တွေကို ထည့်သွင်းထားပါတယ်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနမှာ ထိန်းသိမ်းထားတဲ့ မှတ်တမ်းမော်ကွန်းတွေထဲက လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့သမိုင်းတွေ၊ အကြောင်းအရာတွေ၊ ကြေညာစာတမ်းတွေ၊ မှတ်တမ်းမော်ကွန်းတွေ၊ မြန်မာနိုင်ငံရဲ့ခေတ်အဆက်ဆက်အသုံးပြုခဲ့တဲ့ အလံသမိုင်း၊ ၁၉၄၈ ခုနှစ်ကစတင်ပြီး၂၀၂၂ ခုနှစ်အထိ ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ပေးအပ်တဲ့ တံဆိပ်တွေ၊ အကြောင်းအရာတွေကို ပြသထားပါတယ်။

မြန်မာ့ အာမခံလုပ်ငန်းအနေနဲ့ ကျောင်းသားလူငယ်များ ဗဟုသုတရရှိစေဖို့ ရည်ရွယ်ပြီး မိုဘိုင်းအက်ပလီကေးရှင်းနဲ့ မြန်မာ့ အာမခံလုပ်ငန်းက ထုတ်ကုန်တွေကို ဝယ်ယူနိုင်တဲ့အကြောင်း သရုပ်ပြပေးသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းအခွန်ဦးစီးဌာနအနေနဲ့ မြန်မာ အောင်ဘာလေထီဆုဖွင့်လှစ်ခြင်းကို သရုပ်ဖော်သွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီလိုပွဲတွေကို ကျင်းပပေးတဲ့အတွက် လူငယ်တွေ စာပေအနုပညာတွေကိုလည်း သိရှိသွားစေတဲ့အပြင် ဗဟုသုတတွေလည်း များစွာရရှိစေလို့ အလွန်ကောင်းမွန်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာရွှေဝါဝင်း**
**(ဒုတိယ ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန )**

ဒီနေ့ပြပွဲအတွက် ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ လာရောက်လေ့လာတဲ့လူငယ်နဲ့ ကျောင်းသူကျောင်းသားတွေအတွက်သာမက တခြား လူကြီးတွေအတွက်ပါ ကျန်းမာရေး အသိပညာကိုရရှိစေပြီး လက်တွေ့ကျင့်သုံးလိုက်နာဆောင်ရွက်ဖို့အတွက် ရည်ရွယ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကလေးတွေအတွက် လိုအပ်တဲ့အသိပညာပေးဖို့အချက်အလက်တွေရယ်၊ ပျော်ပွဲရွှင်ပွဲ ဉာဏ်စမ်းကစားပွဲလေးရယ် ပါဝင်ပါတယ်။ လူငယ်တွေအတွက် ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးအန္တရာယ်ကြောင့် ဘာတွေဖြစ်လာနိုင်သလဲဆိုတာကို လူသားကိုယ်တွင်းအင်္ဂါတွေနဲ့ နှိုင်းယှဉ်ပြသသွားမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းကျန်းမာရေးမှာဆိုရင် ပါဝင်လှုပ်ရှားနိုင်ဖို့ လုပ်ငန်းစဉ်ကိုးရပ်နဲ့ ဆောင်ရွက်နေကြောင်းကိုလည်း သိစေချင်ပါတယ်။ ကျန်းမာသွက်လက် ဉာဏ်ထက်မြက်ဖို့ အာဟာရစုံအောင် စားကြစို့၊ အစာအုပ်စုစုံအောင် စားကြစို့ဆိုပြီး အစာအုပ်စုတွေကို ပြသထားပါတယ်။ လူငယ်တွေ အားလုံး စုစုစည်းစည်းနဲ့ ရောက်လာပြီး သိချင်တဲ့အကြောင်းအရာတွေကို ကျန်းမာရေးဝန်ကြီးဌာနတင်မကဘဲ ဝန်ကြီးဌာနပေါင်းစုံက လုပ်ကိုင်တဲ့လုပ်ငန်းတွေ၊ စာပေဗဟုသုတတွေ၊ပြင်ပဗဟုသုတတွေ၊ တကယ်လိုက်နာရမယ့် အလေ့အထတွေအားလုံးကိုပါ လိုက်နာနိုင်တဲ့အတွက် ဒီပြပွဲက အလွန်ကောင်းမွန်ပါတယ်။ အနာဂတ်ကာလအတွက်လည်း အသိပညာတွေ များများရရှိသွားမယ်ဆိုရင် ဘဝအတွက် ပိုမိုကောင်းမွန်မယ်လို့ ယုံကြည်မိပါတယ်။

**ဦးလှဦး**
**(ညွှန်ကြားရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**

သစ်တောဦးစီးဌာနနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ဆောင်ရွက်ချက်တွေကို ခွဲခြားပြီး ပြသသွားမှာဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ အသိပညာပေးခြင်း ပြကွက်တွေနဲ့ ပြသသွားမှာ ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်နေတယ် ဆိုတာကို လူငယ်တွေကို ပြသပညာပေးခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်တွေက သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတွေမှာ စိတ်ပါဝင်စားစွာနဲ့ လုပ်ဆောင်လာကြမယ်လို့ ထင်ပါတယ်။

ဒီလိုပြပွဲတွေ ကျင်းပပေးတာ အလွန်ကောင်းမွန်ပါတယ်။ နောင်အနာဂတ်ကို ဖန်တီးပုံဖော်ကြမယ့် လူငယ်တွေရဲ့ လက်ထဲကို အသိပညာတွေပေးရတာ ကျွန်တော်တို့ဌာနအနေနဲ့သော်လည်းကောင်း၊ နိုင်ငံ အနေနဲ့သော်လည်းကောင်း အလွန် ဝမ်းသာစရာကောင်းတဲ့ လုပ်ရပ်တစ်ခုလို့ ထင်မြင်မိပါတယ်။ သစ်မဟုတ်တဲ့အခြား သစ်တောထွက်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေကို မြင်တွေ့ခြင်းအားဖြင့် သစ်သားနဲ့မှမဟုတ်ဘဲ အခြား သစ်တောထွက်ပစ္စည်းတွေကိုလည်း ပြုလုပ်လို့ရတယ်ဆိုတဲ့ အသိလေးရလာပြီး သဘာဝတောကြီးထဲကနေ အဖိုးတန်သစ်တွေ ထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်မှာဖြစ်တဲ့အတွက် ပျက်စီးပြုန်းတီးမှု လျော့နည်းသွားစေနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ကျွန်တော့်အနေနဲ့သစ်ပင်စိုက်ပါ၊ သစ်တောတွေကို ထိန်းသိမ်းပါလို့ စကားလက်ဆောင် ပါးချင်ပါတယ်။


ဦးကြာညို


ဦးကျော်ဇေယျာမြင့်

**ဦးကြာညို**
**(ဒုတိယ ညွှန်ကြားရေးမှူး၊ နေပြည်တော်ပညာရေးမှူးရုံး)**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ ဒီပြပွဲကို ကျောင်းသူ ကျောင်းသားတွေ လာရောက် လေ့လာခွင့်ရတဲ့အတွက် လွတ်လပ်ရေးနေ့ရဲ့ အနှစ်သာရတွေကို ပိုမိုသိရှိစေပါတယ်။

နောက်ပြီး ဝန်ကြီးဌာနပေါင်းစုံက ပြခန်းတွေလည်းပါဝင်တဲ့အတွက် ဗဟုသုတများစွာရရှိမယ်လို့ ယုံကြည်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ မျိုးချစ်စိတ်ဓာတ်တွေ တိုးပွားမယ်လို့ ယုံကြည်ပါတယ်။ ဒီပြပွဲကြီးကို ခမ်းခမ်းနားနား နိုင်ငံတော်အဆင့်ကျင်းပပေးတဲ့အတွက်ကြောင့် အလွန်ဝမ်းမြောက်စရာကောင်းပါတယ်လို့ပြောချင်ပါတယ်။

**ဦးကျော်ဇေယျာမြင့်**
**(ဦးစီးအရာရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန)**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ လူငယ်တွေ အင်တာနက်အသုံးပြုမှုများလာတဲ့ နောက်ပိုင်းမှာ စာပေတွေ၊ သတင်းတွေကို ဖုန်းရှိရုံနဲ့ ဖတ်ရှုလို့ရအောင် ရည်ရွယ်ပြီး Myanmar Digital News webportal ကို သိရှိအောင် ပြသထားပါတယ်။ နေ့စဉ်ထုတ်သတင်းစာတွေကိုလည်း လူငယ်တွေဖုန်းကနေတစ်ဆင့် ဖတ်ရှုလို့ရအောင် လာရောက်အသိပေးပြသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ Myanmar Digital News ကို အများစုက သိပြီးသားဖြစ်ပေမယ့် လူငယ်တွေ မသိသေးပါဘူး။ ဒါကြောင့် ဒီပြပွဲမှာ လူငယ်တွေကို အဓိကထားပြီး Myanmar Digital News ကိုပြသခြင်းဖြစ်ပါတယ်။

ဒီပြပွဲမှာ ခင်းကျင်းပြသထားတာတွေက လူငယ်တွေအတွက် စေတနာထားပြီး ပြုလုပ်ပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပွဲတွေကို အမြဲတမ်းလိုလို ပြုလုပ်သင့်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့်လည်း လူငယ်တွေအချင်းချင်း တွေ့ဆုံမယ်။ နောက်ပြီး အနုပညာပြပွဲလည်း ပါဝင်တဲ့အတွက် ဂန္ထဝင်ရုပ်ရှင်ကားတွေ ကြည့်ခွင့်ရမှာ ဖြစ်တဲ့အတွက် လူငယ်တွေအတွက် တော်တော်လေးအကျိုးရှိပါတယ်။

## ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေ



**မနီလာ ဒီဇင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂၅ ရက်က နိုင်ငံအတွင်းရှိ ဒေသအများအပြားတွင် ဖြစ်ပွားခဲ့သော မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် အနည်းဆုံး ခြောက်ဦးသေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်နိုင်ငံအစိုးရက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မင်ဒါနာအိုကျွန်း မြောက်ပိုင်းတွင် လေးဦး သေဆုံးပြီး လူဇုန်ကျွန်းပေါ်ရှိ ဘီကိုးလ်ဒေသတွင် နှစ်ဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ပြောကြားသည်။

ပျောက်ဆုံးနေသူများအနက်မှ ၁၀ ဦးသည် ဘီကိုးလ်ဒေသမှဖြစ်ကြောင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် သုံးဦးဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ ဒေသငါးခုရှိ ပြည်သူ တစ်သိန်းကျော်သည် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရကြောင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် လူနေအိမ် ၅၀ နီးပါး လုံး၀ သို့မဟုတ် တစ်စိတ်တစ်ပိုင်းပျက်စီးမှုရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာ၀ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



## ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားအဝေးပြေးလမ်းမကြီးအား အဆင့်မြှင့်တင်ရန် တရုတ်နိုင်ငံ ထောက်ပံ့မည်

**ကမ်ပေါင်စပူး ဒီဇင်ဘာ ၂၆**

ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားအဝေးပြေးလမ်းမကြီး အမှတ် (၄၁)အား နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် တရုတ်နိုင်ငံ ထောက်ပံ့ငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဝေးပြေးလမ်းမကြီးသည် ၉၅ ကီလိုမီတာ ရှည်လျားပြီးမြို့တော် ဖနောင်ပင်၏ အနောက်တောင်ဘက် ၃၇ ကီလိုမီတာ အကွာအဝေးတွင် တည်ရှိကာ ကမ်ပေါင်စပူး၊ ကမ်ဒယ်၊ တာကီအိုနှင့် ကမ်ပေါ့ပြည်နယ်များကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါအဝေးပြေးလမ်းမကြီးအား အဆင့်မြှင့်တင်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း ခရီးသွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုများလွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားသည်။ အဆိုပါအဝေးပြေးလမ်းမကြီးအား အဆင့်မြှင့်တင်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံသားများ၏ လူမှုစီးပွားဘ၀များကို မြှင့်တင်စေနိုင်ပြီး နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုပါ အကူအညီပေးကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာစေရေးအတွက် အကူအညီပေးအပ်သည့် တရုတ်အစိုးရနှင့် တရုတ်ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ဟွန်ဆန်ကပြောကြားသည်။ ၂၀၂၂ ခုနှစ်သည် တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံများအကြား မျှဝေသည့်အနာဂတ်ကို တည်ဆောက်နိုင်ခဲ့သည့် အရေးကြီးသည့်နှစ်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏ အကူအညီဖြင့်တည်ဆောက်သည့်လမ်းများနှင့် ဆေးရုံများ တည်ဆောက်ရေးစီမံကိန်းများကို ယခုနှစ်အတွင်း စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝန်တိမ်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## အီရန်နိုင်ငံ၌ အကြမ်းဖက်ခေါင်းဆောင်များအား ဖမ်းဆီးရမိ

**တီဟီရန် ဒီဇင်ဘာ ၂၆**

အီရန်နိုင်ငံ၌ ဗြိတိန်၏အထောက်အပံ့ဖြင့် ဆူပူမှုများဖြစ်စေရန်ဆောင်ရွက်ခဲ့သူ အကြမ်းဖက်ခေါင်းဆောင်ခုနစ်ဦးအား အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

**ချေမှုန်းနိုင်ခဲ့**

အီရန်နိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပတွင်ဆူပူမှုများဖြစ်လာစေရေးအတွက်ဗြိတိန်နိုင်ငံအတွင်းမှ စီစဉ်ဆောင်ရွက်နေသည့် အကြမ်းဖက်အဖွဲ့အစည်းကွန်ရက်ဖြစ်သည့် ဇာဂိုးအား ချေမှုန်းနိုင်ခဲ့ကြောင်း အီရန်အစ္စလာမ္မစ် တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍အီရန်သတင်းအေဂျင်စီ (IRNA) အိုင်နာက ပြောကြားသည်။

ယခုဖမ်းဆီးရမိသူများသည် အီရန်နိုင်ငံအတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဆူပူမှုများအား စီစဉ်ညွှန်ကြားဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြို့တော်တီဟီရန်ရှိ အန်ဟီလတ်အပိုင်း အနီးတွင်လည်း ဆူပူမှုများဖြစ်လာစေရေး စီစဉ်ဆောင်ရွက်နေသူများကို ထပ်မံဖမ်းဆီးရမိကြောင်း အီရန်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## ဆီယာလီယွန်နိုင်ငံ၌ ဆေးခြောက်နှင့် တားမြစ်ဆေးများ ဖျက်ဆီး

**ဖရီးတောင်း ဒီဇင်ဘာ ၂၆**

အာဖရိကဒေသရှိ ဆီယာလီယွန်နိုင်ငံ၌ မူးယစ်ဆေးဝါး အလွဲသုံးစားပြုမှုနှင့် ရောင်းဝယ်ဖောက်ကားမှုကို တားဆီးရန်အတွက် တားမြစ်ဆေးဝါးအများအပြားကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။



၎င်းတားမြစ် ဆေးဝါးများ ဖျက်ဆီးခြင်းကို ဆီယာလီယွန်ရဲတပ်ဖွဲ့နှင့် တရားရေးဆိုင်ရာ အဖွဲ့အစည်းများက နိုင်ငံသားများရှေ့မှောက်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများတွင် ဆေးခြောက်များနှင့် နိုင်ငံအတွင်း အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသည့် ထရာမာဒေါ (Tramadol) ဆေးပြားများ ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဆီယာလီယွန် နိုင်ငံအတွင်း သို့ ထရာမာဒေါ (Tramadol ) ဆေးဝါးများ တရားမဝင်တင်သွင်းမှုများရှိပြီး လူငယ်များအား မူးယစ်ဆေးဝါးအဖြစ်ရောင်းချမှုများရှိကြောင်း သိရသည်။

**ကိုးကား - စီဂျီတီအင်န်**

**ဘာသာပြန် - စိုးသူရ**



## အစ္စရေးနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၂၀၂၂ ခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်း မြင့်တက်

**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**

အစ္စရေးနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀ ကျော်တန်ဖိုးရှိခဲ့ခြင်းကြောင့် ၁၀ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်မှုရှိခဲ့ကြောင်း အစ္စရေးနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

**နှစ်နှစ်ဆက်တိုက် ပို့ကုန်တင်ပို့မှု မြင့်တက်**

ယင်းကဲ့သို့ ပို့ကုန်တင်ပို့မှုမြင့်တက်ခဲ့ခြင်းမှာ အစ္စရေးနိုင်ငံအတွက် နှစ်နှစ်ဆက်တိုက် ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အစ္စရေးနိုင်ငံက ပို့ကုန်အဓိကတင်ပို့သည့် မိတ်ဖက်နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ တရုတ်၊ အိန္ဒိယ၊ အိုင်ယာလန်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြောင်း အစ္စရေးနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြားသည်။

ကုန်ပစ္စည်းတင်ပို့မှုသည် ၂၀၂၂ ခုနှစ်အတွင်း သိသိသာသာမြင့်တက်မှုရှိခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းနှင့် ကုန်ပစ္စည်းတင်ပို့မှုတွင် သိသိသာမြင့်တက်မှုရှိခဲ့သည့် ကုန်ပစ္စည်းများမှာ ဓာတုစက်မှုလုပ်ငန်းထုတ်ကုန်များ၊ စိန်များ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

## KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြုပြီး Drop Bomb များ ကြဲချဖောက်ခွဲမှုကြောင့် ကော့ကရိတ်မြို့ ရွှေကြက်မင်းဘုန်းကြီးကျောင်းမှ သံဃာတော် တစ်ပါး ပျံလွန်တော်မူ၊ ဦးပဉ္စင်း နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ဘုန်းကြီးကျောင်းသား တစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ ရွှေကြက်မင်းဘုရားကုန်းပေါ်သို့ အကြမ်းဖက်မှုကိုလိုလားသော KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drone နှစ်စင်းအသုံးပြု၍ Drop Bomb များဖြင့် ကြဲချဖောက်ခွဲတိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုကိုလိုလားသော KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ကြဲချတိုက်ခိုက်ခဲ့သည့် Drop Bomb နှစ်လုံးသည် ရွှေကြက်မင်းဘုန်းတော်ကြီးကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် သံဃာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ဦးပဉ္စင်း နှစ်ပါး၊ ကိုရင်တစ်ပါးနှင့် အသက် (၁၁) နှစ်အရွယ် ဘုန်းကြီးကျောင်းသား တစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ ဘုန်းတော်ကြီးကျောင်း အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် သံဃာတော်များနှင့် ဘုန်းကြီးကျောင်းသားအား ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး ဗုံးစထိမှန်မှုကြောင့် ပျံလွန်တော်မူခဲ့သည့် သံဃာတော်အား ကောင်းမွန်စွာ မီးသင်္ဂြိုဟ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရွှေကြက်မင်းဘုန်းကြီးကျောင်းပေါ်သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး ပျက်စီးမှုကို တွေ့မြင်ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရွှေကြက်မင်းဘုန်းကြီးကျောင်းပေါ်သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး ဦးပဉ္စင်း၊ ကိုရင်၊ ဘုန်းကြီးကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့မြင်ရစဉ်။

အထက်ပါ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၇ ဒသမ ၀၂၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် လုပ်ငန်းသုံးစက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင် မြောင်းမြမြို့နယ်နှင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တို့အတွင်း တရားမဝင် ကျွန်းခွဲသားနှင့် အခြားသစ်ခွဲသားများ ၄၇ ဒသမ ၈၇၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၅၂၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်ခွဲသား ၄၄ ဒသမ ၁၈၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၉၅၁၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၉၂၁၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ (ဂ)ရပ်ကွက်နေ လင်းဇာဇာခြည်(ခ) မီးရှမ်းသည် ၎င်းအသုံးပြုသည့် “Lin Zar Chi” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ရန်ကုန်-ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့မှု”** ခေါင်းစဉ်ဖြင့် ၂၈-၁၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။

လာမည့်အပတ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် **“ ဒီးဒုတ်ခင် ကျေးရွာ လူသတ်မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် -၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# လူမှုစီးပွားအခြေခံ MSME လုပ်ငန်းများ အားပေး

**ထက်ဝေအောင်(စစ်ကိုင်း)**

နိုင်ငံတစ်နိုင်ငံအနေဖြင့် အလုံးစုံဖွံ့ဖြိုး တိုးတက်ရေး ဦးတည်ဆောင်ရွက်ရာတွင် အခြေခံ အကျဆုံးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို ခိုင်မာအောင် အုတ်မြစ်ချ တည်ဆောက်ရလေ့ရှိသည်။ စီးပွားရေးလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အစာအာဟာရဖြစ်သည်။ နိုင်ငံစီးပွားရေး အင်အားတောင့်တင်းစေရန် စီးပွားရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ထူထောင်ရန်လိုပေသည်။ စီးပွားရေးလုပ်ငန်း အများစုလိုအပ်သည့် အခြေခံ အရင်းအနှီးမှာ လျှပ်စစ်ကဏ္ဍ ဖြစ်သည်။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးသည်နှင့်အခြားသောစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်မောင်းနှင်နိုင်စွမ်းရှိပေသည်။ ရေ၊ မီးအစုံစုံပြည့်စုံလျှင် ရေမြေပေါ် အခြေပြု တည်ဆောက်သွားနိုင်မည့် စီးပွားရေးလုပ်ငန်းများစွာ ပေါ်ထွက်လာနိုင်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် ငွေကြေးလည်ပတ်စီးဆင်းမှု အားကောင်းစေသကဲ့သို့ ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီးကို တိုးတက်စေနိုင်သည်။ နိုင်ငံတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမှသာ နိုင်ငံ့ဂုဏ်သိက္ခာဝင့်ထည်နိုင်သည်။ ပြည်တွင်း၌ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ သုံးစွဲအားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲခြင်းကို တားဆီးနိုင်သည်။ ပြည်ပသွင်းကုန်အစား ပြည်ပပို့ကုန်အသွင်ပြောင်းလဲ၍ နိုင်ငံ၏ စီးပွားရေးအဆင့်အတန်း မြှင့်တင်သွားရပေမည်။ နိုင်ငံခြားဝင်ငွေ စီးဆင်းမှု အားကောင်းခြင်းမှတစ်ဆင့် နိုင်ငံအတွက်လိုအပ်သည့် ကဏ္ဍအသီးသီးကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

**ထိရောက်သောစီးပွားရေးလုပ်ကိုင်မှုပုံစံများ**

စီးပွားရေးချဲ့ထွင်လုပ်ကိုင်လျက် စိတ်ဓာတ်၊ အတွေးအခေါ်မြင့်မားအောင် ဆောင်ရွက်နိုင်ပေသည်။ ဦးနှောက်ကြီးသူ၊ လုပ်ဆောင်နိုင်စွမ်းရှိသူက တစ်ကွက်ပိုသာသည် ဆိုစကားအတိုင်း စီးပွားရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ စွန့်ဦးတီထွင်သူများကသာ တစ်ပန်းသာအောင်မြင်ကြသည်။ ထိရောက်သောစီးပွားရေးလုပ်ကိုင်မှုပုံစံများ ချမှတ်၍ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံကို တည်ဆောက်နိုင်ပေသည်။ စီးပွားရေးလုပ်ငန်းသည် နိုင်ငံ၏ ပုံရိပ်သဖွယ် ဖြစ်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်အတွင်းရှိ မီတင်းနေထိုင်သူအားလုံး အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးကူညီ ဖော်ဆောင်ကြရမည်ဖြစ်သည်။

စွန့်ဦးတီထွင်လုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးကူညီခြင်းဖြင့် ကျွဲကူးရေပါသည့်ပမာ ချမ်းသာကြွယ်ဝသည့်နိုင်ငံတော်ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများသည် စီးပွားရေးမောင်းနှင်အားများသဖွယ်ဖြစ်ပြီး ကျယ်ပြန့်သော စီးပွားရေးအင်အားစုကြီးပမာ အထောက်အကူပြုစွမ်းနိုင်ပေသည်။ အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ရပ် တည်ဆောက်ရာတွင် စီးပွားရေးဆိုင်ရာ လိုအပ်သောနည်းစနစ်နှင့် အသုံးဝင်သော နည်းလမ်းများကို ကောင်းစွာအသုံးချရန် လိုအပ်ပေသည်။ လုပ်ငန်းတစ်ခုချင်းစီတွင် စိတ်ကူးသစ်များစွာပါရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများစွာကို လေ့လာဆန်းစစ်ကြည့်ပါက အငယ်စားစီးပွားရေးလုပ်ငန်းများကို ဗဟိုပြုသည်ကို တွေ့ရှိရသည်။ မြို့ရွာများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသကဲ့သို့ စတိုးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ သစ်သီးဆိုင်၊ ပန်းဆိုင်များကဲ့သို့ လုပ်ငန်းများစွာလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ အဆိုပါလုပ်ငန်းငယ်များသည် ပြည်တွင်းဈေးကွက်တစ်ခုဖန်တီး၍ ကုန်ပစ္စည်းရောင်းချခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများကို ဦးတည်သည်။

စွန့်ဦးလုပ်ငန်းရှင်တစ်ဦးသည် နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပြီး လုပ်ငန်း၏အားသာချက်နှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ထည့်သွင်းစဉ်းစားရလေ့ရှိသည်။ ထို့အတူ ဈေးကွက်အပေါ်နားလည်ခြင်း၊ စီးပွားရေးဝန်းကျင်ကို လေ့လာသုံးသပ်ခြင်းဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားကို အကဲခတ်နိုင်စေမည်ဖြစ်သည်။ ဈေးကွက်အခြေအနေသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ သိရှိရမည့်စနစ်တစ်ခုဖြစ်သည်။ ဈေးကွက်အတွင်းရှိ ကုန်စည်၊ ဝန်ဆောင်မှု၊ ဈေးနှုန်းပမာဏတို့သည် လုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူများအတွက် ရင်ဆိုင်ကြရမည့်ယှဉ်ပြိုင်မှုအသွင်အပြင်ဖြစ်သည်။ ကုန်ဈေးနှုန်းမြင့်တက်ခြင်းသည် ကုန်ထုတ်လုပ်မှုစရိတ် မြင့်တက်မှု၊ သယ်ယူပို့ဆောင်မှုစရိတ် မြင့်မားမှုတို့ကြောင့်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်မှုတွင် လုပ်သားအရင်းအနှီး၊ လျှပ်စစ်အရင်းအနှီး၊ စက်ပစ္စည်းကိရိယာ ပြင်ဆင်ထိန်းသိမ်းမှု အရင်းအနှီးများစွာပါဝင်နိုင်သည်။ သယ်ယူပို့ဆောင်မှုစရိတ်မြင့်မားမှုတွင် စက်သုံးဆီဈေးနှုန်းသည် ကုန်ပစ္စည်းစီးဆင်းမှု၏ အဓိကရေသောက်မြစ်ဖြစ်သည်။

> **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ငန်းတစ်ခုချင်း မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဝယ်လိုအား / ရောင်းလိုအားကို ကိုယ်စားပြုသည့် ကုန်စည်အရေအတွက်နှင့် အရည်အသွေးကို အာမခံရရှိစေနိုင်မည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် တိုးတက်မှုကိုဖြစ်စေသည်။ လုပ်ငန်းတိုင်းသည် မှန်ကန်သောလုပ်ဆောင်ချက်၊ ခိုင်မာသောယုံကြည်ချက်ဖြင့် ရှေ့သို့ချီရန်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိ၏အရည်အသွေးကို ပြသရန်လိုသည်။ တစ်ဦး၏အားသာချက်ကို တစ်ဦးက နားလည်ပြီး မိမိ၏အရည်အသွေးကို တိုးတက်စေသည့် ပြိုင်ဘက်ကောင်း ရွေးချယ်ကြရမည်ဖြစ်သည်။ အပြိုင်ရှိမှ တိုးတက်သည်။ ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့်သာ နိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးအောင် စွမ်းဆောင်သွားနိုင်လိမ့်မည်ဖြစ်**

**ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်း**

လုပ်ငန်းရပ်အသီးသီးသည် စားသုံးသူများ၏ လိုအပ်ချက်၊ သုံးစွဲသူများ၏ အသုံးပြုမှုအပေါ် ရပ်တည်ကြသည်။ အပြန်အလှန်အားဖြင့် ဆက်သွယ်မှုရှိသဖြင့် ဈေးကွက်၏ တောင်းဆိုမှုအလိုက် ဖြည့်စွမ်းနိုင်သည့်အစီအမံများ ချမှတ်ရန်လိုသည်။ စားသုံးသူသည် စဉ်ဆက်မပြတ်တည်ရှိနေမည့် ဖြစ်တည်မှုဖြစ်သည်။ စီးပွားရေးကို ဗဟိုပြုလုပ်ဆောင်သူများသည် စားသုံးသူတိုင်းအတွက် လိုအပ်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အရည်အသွေးနှင့်ဈေးနှုန်းသည် ဆက်စပ်မှုရှိသည်။ အရည်အသွေးနိမ့်သောပစ္စည်းများကို လူတိုင်းနှစ်သက်လေ့မရှိကြပေ။ သုံးစွဲသူနှစ်သက်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အသုံးပြုမှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများသည် ကုန်စည်စီးဆင်းမှုအတွက် သိမ်မွေ့သောဖြစ်စဉ်များ ဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် မျက်မှောက်ကာလနှင့် အနာဂတ်လိုအပ်ချက်ကို တွက်ဆ၍ ဈေးကွက်အပေါ် သုတေသနပြုခြင်း၊ ဆန်းစစ်ခြင်းများ ပြုလုပ်ကြရလေ့ရှိသည်။ တိုးတက်ပြောင်းလဲမှုရှိသည့် ခေတ်နှင့်အပြိုင် အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ တီထွင်ဆန်းသစ်သည့် ထုပ်ပိုးမှုပုံစံပြုပြင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ထိထိမိမိ အသုံးချရန် လိုအပ်ပေသည်။ ထို့အတူ ကုန်ပစ္စည်းကြော်ငြာ၏ ဆွဲဆောင်မှုသည် စားသုံးသူပြည်သူများကြားတွင် ကျယ်ပြန့်လှသည်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူနှင့် စားသုံးသူများကြားတွင် ယုံကြည်မှုတစ်ရပ်ရှိရန် အထူးလိုအပ်သည်။

**မြန်မာ့ရိုးရာ ဒေသထွက်ကုန်စည်အမျိုးမျိုး**

နိုင်ငံ၏ ဒေသအသီးသီးသည် မြန်မာ့ရိုးရာ ဒေသထွက် ကုန်စည်အမျိုးမျိုးထွက်ရှိပေသည်။ အဆိုပါ ဒေသထွက်ကုန်ပစ္စည်းများတွင် လိုအပ်သည့် ကုန်ကြမ်းများရှာဖွေခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ဝယ်လိုအား/ ရောင်းလိုအားကို အခြေပြုဆောင်ရွက်ကြလေ့ရှိသည်။ စားသုံးသူနှစ်ခြိုက်သည့် ကုန်ပစ္စည်းသည် နာမည်ရထင်ရှားသည်။ နာမည်ရှိသည့် အမှတ်တံဆိပ်နောက်တွင်လည်း ပုံစံတူ အတုအပ သတိပြုစရာ အခြေအနေများ ပေါ်ပေါက်လေ့ရှိသည်။ ကုန်အမှတ်တံဆိပ်တစ်ခုသည် သက်မဲ့တစ်ခုဖြစ်သော်လည်း ကုန်ပစ္စည်းတီထွင်ထုတ်လုပ်မှုကို ကိုယ်စားပြုသည်။ အရည်အသွေးညံ့လျှင် ကုန်အမှတ်တံဆိပ်ကို ထိခိုက်နိုင်ပြီး စားသုံးသူများအကြား ဝယ်လိုအား ကျဆင်းသွားစေနိုင်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်အတွင်း ရေရှည်ရပ်တည်နေနိုင်သည့် စွမ်းဆောင်ချက်ရှိရန်လိုအပ်ပြီး လုပ်ငန်းအပေါ် စီမံခန့်ခွဲနိုင်စွမ်းအားကို ပြသရန်ဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ငန်းတစ်ခုချင်း မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဝယ်လိုအား/ ရောင်းလိုအားကို ကိုယ်စားပြုသည့် ကုန်စည်အရေအတွက်နှင့် အရည်အသွေးကို အာမခံရရှိစေနိုင်မည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် တိုးတက်မှုကိုဖြစ်စေသည်။ လုပ်ငန်းတိုင်းသည် မှန်ကန်သောလုပ်ဆောင်ချက်၊ ခိုင်မာသောယုံကြည်ချက်ဖြင့် ရှေ့သို့ချီရန်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိ၏အရည်အသွေးကို ပြသရန်လိုသည်။ တစ်ဦး၏အားသာချက်ကို တစ်ဦးက နားလည်ပြီး မိမိ၏အရည်အသွေးကို တိုးတက်စေသည့် ပြိုင်ဘက်ကောင်းရွေးချယ်ကြရမည်ဖြစ်သည်။ အပြိုင်ရှိမှ တိုးတက်သည်။ ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့်သာ နိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးအောင် စွမ်းဆောင်သွားနိုင်လိမ့်မည် ဖြစ်ပါသည်။

**ဈေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြုလာခြင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများကို ဗဟိုပြုသောလုပ်ငန်းများဖြစ်သည်။ လုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေး သုံးစွဲသူနှင့် ထိတွေ့ဆက်ဆံခြင်းသည် ဈေးကွက်အတွင်းရှိ ကုန်စည်အရည်အသွေးကို စုံစမ်းခြင်းလည်း ဖြစ်သည်။ ပြိုင်ဘက်ကောင်းများနှင့် တွေ့ဆုံခြင်းလည်း ဖြစ်သည်။ အလားတူ မိမိ၏လုပ်ငန်း၊ ကုန်အမှတ်တံဆိပ်ကို တောက်ပလာအောင်လုပ်ဆောင်ခြင်းနှင့်တူညီသည်။ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ ဈေးကွက်ရှာဖွေသည့်လုပ်ငန်းများသည် မိမိကုန်ပစ္စည်းကိုအာမခံခြင်းဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းသည် တိုးတက်ပြောင်းလဲလျက်ရှိသည့်ခေတ်ကို ဆွဲဆောင်ခြင်းသာဖြစ်သည်။ ဆန်၊ ဆီ၊ ဆားအစ ဖုန်းဖြင့်ဆက်သွယ်မှာယူနိုင်ပြီး အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာသည်။ ဝယ်ယူသည့်ပစ္စည်းအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် အာမခံဆောင်ရွက်ပေးခြင်းသည် ဈေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြုလာခြင်းဖြစ်သည်။

အနှစ်ချုပ်ပါလျှင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအစီအစဉ်များတွင် စတင်လုပ်ကိုင်မည့်သူများကို လမ်းဖွင့်ကြိုဆိုကြရမည်ဖြစ်သည်။ ချေးငွေနှင့် အကူအညီရရှိရေး လမ်းပြကူညီကြရပါမည်။ အတွေ့အကြုံရင့်ကျက်သော လုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာ လုပ်ငန်းအစီအစဉ်ရှိသည်။ မတူညီသော လုပ်ငန်းအစီအစဉ်၊ မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ရေး ရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကို ဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် ဈေးကွက်နှင့် ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်ကြရမည် ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းမှတစ်ဆင့် စီးပွားရေးသမားတစ်ယောက် ဖြစ်လာနိုင်သည်။ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ပြည်တွင်း/ ပြည်ပ အသုံးချနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်လျက် နိုင်ငံတော်၏ အကျိုးစီးပွား၊ လူမှုစီးပွားဘဝ တိုးတက်ရေးကို ဖြည့်စွမ်းနိုင်ခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အားပေးကူညီဆောင်ရွက်ရေးဆန္ဒဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၈၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၄,၄၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၆၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၈,၂၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀)ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၁) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် ဂလိုဘယ်လိုက်ဖေးရှင်း

**ဇင်ငြိမ်း**

### စိန်ရတုအလွန်

လွန်ခဲ့သော နှစ်ပေါင်း ၇၅ နှစ်ကျော်က မြန်မာပြည်သူအပေါင်းသည် နယ်ချဲ့ဆန့်ကျင်တော်လှန်မှု၊ ဆန္ဒပြမှု၊ တော်လှန်တိုက်ခိုက်မှုပေါင်းများစွာဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။

လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ရသူများမှာ မရေမတွက်နိုင်။ နယ်ချဲ့တို့၏ ရက်စက်မှုအောက်တွင် အသက်ဆုံးရှုံးခဲ့ရသူများမှာ မရေမတွက်နိုင်။ နိုင်ငံ၏အနာဂတ်သာမက ပြည်သူတစ်ဦးချင်းစီတိုင်း၏ဘဝများ ပျက်စီးခဲ့ရသည်၊ အနာဂတ် ပျောက်ခဲ့ရသည်။ နယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော် သိမ်းပိုက်ခံခဲ့ရသည့် မြန်မာပြည်သူလူထုမှာ လွတ်လပ်ရေးအနှစ်သာရများနှင့် ကင်းဝေးခဲ့ကြရသည်။ လူကို လူချင်း ကိုယ်ချင်းစာတရား ကင်းမဲ့စွာ ဖိနှိပ်ခံခဲ့ကြရသည်။ ထို့အတွက်ကြောင့်လည်း မြန်မာတစ်မျိုးသားလုံးက နယ်ချဲ့ကို အဘက်ဘက်မှ တော်လှန်ခဲ့ကြသည်။ ယင်း၏ရလဒ်မှာ မိမိတို့အားလုံး လိုလားနေသည့် လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့သည်မှာ စိန်ရတုနှစ်ပတ်လည်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ထိုလွတ်လပ်ရေးအောင်ပွဲနေ့ကြီး၏ နောက်ကွယ်တွင် လွတ်လပ်ရေး၏အဓိပ္ပာယ်များ၊ အနှစ်သာရများရှိနေပြီး ထိုအနှစ်သာရများသည် ဆက်လက်လျှောက်လှမ်းရမည့် အနာဂတ်နိုင်ငံတော်ခရီးအတွက် အခြေခံများလည်းဖြစ်ပါသည်။ တစ်ချိန်က လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှု၊ လွတ်လပ်ရေးကြိုးပမ်းခဲ့ရမှု၊ လွတ်လပ်ရေးရရှိပြီးနောက် ပြန်လည်ထူထောင်ရေး၊ ပြည်တွင်းပဋိပက္ခများ၊ ယနေ့နိုင်ငံ့အခြေအနေနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေတို့ကို ဖြစ်စဉ်အခြေပြုသုံးသပ်ခြင်းဖြင့် အနာဂတ်မျှော်မှန်းချက်အတွက် များစွာအထောက်အကူဖြစ်စေပါလိမ့်မည်။

### နယ်ချဲ့အကျိုးဆက်

၁၅ ရာစုကပင် ပေါ်ပေါက်လာသည့် နယ်ချဲ့စနစ်သည် မြန်မာနိုင်ငံအား ပထမအကြိမ် ကျူးကျော်စစ်စတင်ဖြစ်ပွားသည့် ၁၈၂၄ ခုနှစ်ခန့်တွင် ကမ္ဘာကြီး၏ ၃၅ ရာခိုင်နှုန်းအား သိမ်းပိုက်ထားပြီး ၁၉၁၄ ခုနှစ်ခန့်တွင် ကမ္ဘာကြီး၏ ၈၄ ရာခိုင်နှုန်းအား ထိန်းချုပ်ထားပြီးသည်ကို တွေ့ရပါသည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအား သိမ်းပိုက်၍ မြန်မာဘုရင်သီပေါမင်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။



နယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့စဉ်က မြန်မာပြည်သူလူထု၊ မြန်မာ့ပိုင်နက်နယ်မြေ၊ အချုပ်အခြာအာဏာနှင့် အုပ်ချုပ်သူဘုရင်တို့အားလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။ ယင်းသည် နိုင်ငံတစ်နိုင်ငံ၏ အသွင်လက္ခဏာဖြစ်သည့် တည်မြဲနေထိုင်သည့် ပြည်သူလူထု၊ ပိုင်းခြားသတ်မှတ်ထားသည့်နယ်မြေ၊ အချုပ်အခြာအာဏာနှင့် အစိုးရတို့ကို အလုံးစုံသိမ်းယူလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတို့သာမက ဘာသာရေး၊ ပညာရေး၊ လူမှုရေး အားလုံး ဆုံးရှုံးခဲ့ကြရသည်။

ထို့အပြင် နယ်ချဲ့တို့သည် ကိုလိုနီနယ်မြေများအား ရေရှည်သိမ်းပိုက်ထားနိုင်ရန်နှင့် အုပ်ချုပ်ရာတွင် လွယ်ကူစေရန်အတွက် သိမ်းပိုက်ခံနယ်မြေအား သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းအိန္ဒိယနိုင်ငံသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် လွတ်လပ်ရေးရရှိသည့်အချိန်တွင် နှစ်နိုင်ငံအဖြစ် ပြိုကွဲခဲ့ရသည်။ မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေးရရှိပြီးနောက် အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံနှစ်ပိုင်း မကွဲခဲ့သော်လည်း လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများ သန္ဓေတည်လာခဲ့ပါသည်။

### လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

လွတ်လပ်ခြင်းသည် အခြားသူများ၏ ထိန်းချုပ်မှု၊ လွှမ်းမိုးမှု၊ ပံ့ပိုးမှုတို့မှကင်းလွတ်ခြင်းဟု ဆိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် တွဲလျက်ပါလာသည်မှာ အချုပ်အခြာအာဏာပိုင်ဆိုင်မှု ဖြစ်ပါသည်။ လုံးဝလွတ်လပ်သော နိုင်ငံတစ်နိုင်ငံသည် အုပ်ချုပ်ခွင့်အာဏာ၊ ဥပဒေပြုခွင့်အာဏာ၊ တရားစီရင်ပိုင်ခွင့်အာဏာများကို အခြားနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှု၊ လွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုတို့မရှိဘဲ ကျင့်သုံးနိုင်ပါသည်။ ယင်းမှာ အချုပ်အခြာပိုင်ဆိုင်မှု ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် နိုင်ငံရေးသီအိုရီအရ နိုင်ငံတော်၏ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်နှင့် မောင်းနှင်ထိန်းသိမ်းရာတွင် အမြင့်ဆုံးသော ကြီးကြပ်မှု သို့မဟုတ် အခွင့်အာဏာဟု ဆိုပါသည်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာသည် ပြင်ပမှထိန်းချုပ်မှုမရှိဘဲ မိမိပိုင်နက်နယ်မြေအတွင်း မိမိပြည်တွင်းရေးများကို ဥပဒေကြောင်းအရ အမြင့်ဆုံးကျင့်သုံးနိုင်သည့် အကြွင်းမဲ့အာဏာလည်း ဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဥပဒေတို့တွင် အငြင်းပွားစရာ အရှိဆုံး အယူအဆ တစ်ခုဖြစ်သည့် အချုပ်အခြာအာဏာဆိုင်ရာအယူအဆသည် နိုင်ငံတော်၊ အစိုးရ၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီဆိုင်ရာအယူအဆများနှင့် နီးကပ်စွာဆက်နွှယ်လျက်ရှိပါသည်။ အချုပ်အခြာအာဏာပိုင်ခြင်းသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏ အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပြီး အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာလျှင် မိမိနိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

> **နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် နိုင်ငံရေးသီအိုရီအရ နိုင်ငံတော်၏ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်နှင့် မောင်းနှင်ထိန်းသိမ်းရာတွင် အမြင့်ဆုံးသော ကြီးကြပ်မှု သို့မဟုတ် အခွင့်အာဏာဟု ဆိုပါသည်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာသည် ပြင်ပမှထိန်းချုပ်မှုမရှိဘဲ မိမိပိုင်နက်နယ်မြေအတွင်း မိမိပြည်တွင်းရေးများကို ဥပဒေကြောင်းအရ အမြင့်ဆုံးကျင့်သုံးနိုင်သည့် အကြွင်းမဲ့အာဏာလည်း ဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဥပဒေတို့တွင် အငြင်းပွားစရာ အရှိဆုံး အယူအဆတစ်ခုဖြစ်သည့် အချုပ်အခြာအာဏာဆိုင်ရာအယူအဆသည် နိုင်ငံတော်၊ အစိုးရ၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီဆိုင်ရာအယူအဆများနှင့် နီးကပ်စွာဆက်နွှယ်လျက်ရှိပါသည်။ အချုပ်အခြာအာဏာပိုင်ခြင်းသည် လွတ်လပ်သောနိုင်ငံ တစ်နိုင်ငံ၏ အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပြီး အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာလျှင် မိမိနိုင်ငံနှင့် လူမျိုး၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်**

ယနေ့ကမ္ဘာပေါ်တွင် လွတ်လပ်သောနိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပါသည်။ တစ်ဝက်တစ်ပျက်သာ လွတ်လပ်သော သို့မဟုတ် အသိအမှတ်ပြုခြင်း မခံရသေးသော ဒေသများလည်း ရှိနေပါသေးသည်။ ကမ္ဘာပေါ်တွင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာသည်နှင့် မရှိမဖြစ်လိုအပ်သည်မှာ လွတ်လပ်ရေးဖြစ်ပါသည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံသည် နိုင်ငံကြီး၊ နိုင်ငံငယ်မဟူ တန်းတူရည်တူအခွင့်အရေးရှိကြောင်းကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွင် ဖော်ပြထားပါသည်။

ထို့အပြင် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် အပိုဒ် ၂ တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအာဏာအရာ၌ တူညီကြသည်ဟူသော မူပေါ်တွင် အခြေခံ၍ ကုလသမဂ္ဂအဖွဲ့ကိုဖွဲ့စည်းသည်ဟု ဖော်ပြထားပါသည်။ ယင်းပြဋ္ဌာန်းချက်သည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိပြည်တွင်းရေးအား လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းနှင့် နိုင်ငံတကာဆက်ဆံရေးတွင် တန်းတူညီမျှမှုရရှိခြင်း ဖြစ်ပါသည်။

### အချုပ်အခြာအာဏာနှင့်စိန်ခေါ်မှုများ

အမျိုးသားအချုပ်အခြာအာဏာသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ တရားဥပဒေနှင့် နိုင်ငံရေးအရ ခွဲခြား၍မရသော အရည်အသွေးတစ်ခု ဖြစ်ပါသည်။ အမျိုးသားအချုပ်အခြာအာဏာနှင့် ဆက်စပ်နေသော အမျိုးသားလွတ်လပ်ရေးသည် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင် နိုင်ငံတိုင်းသည် ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှင့် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံများအကြား တန်းတူညီမျှရေးကဲ့သို့သော ၎င်းတို့၏ အမျိုးသားတန်ဖိုးများ ထိန်းသိမ်းကာကွယ်ရေးကို ဦးတည်လေ့ရှိကြပါသည်။

သို့သော်လည်း ထိုသို့ထိန်းသိမ်းကာကွယ်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် အမျိုးသားလွတ်လပ်ရေးတို့ ရှိသည့်တိုင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အမျိုးမျိုးသော အယူအဆများနှင့် လုပ်ဆောင်မှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသားလွတ်လပ်ရေးနှင့် အမျိုးသားအချုပ်အခြာအာဏာမှာ ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့် ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင် နိုင်ငံတော်အချုပ်အခြာအာဏာကာကွယ်ရေးသည် ကမ္ဘာပေါ်ရှိ နိုင်ငံများ အထူးသဖြင့် အလယ်အလတ်အင်အားကြီးနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများအတွက် ထိပ်တန်းဦးစားပေး ဖြစ်လျက်ရှိပါသည်။

ဂလိုဘယ်လိုက်ဖေးရှင်းသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာနှင့် အရှိန်ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံများသည် နယ်ပယ်ကဏ္ဍများစွာတွင် ကျယ်ပြန့်စွာ ပိုမိုပေါင်းစည်းနေကြပါသည်။ ယင်းအခြေအနေသည် အခွင့်အလမ်းများစွာ ဖြစ်ပေါ်စေလျက်ရှိသော်လည်း အခြားတစ်ဖက်တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် လုံခြုံရေးအတွက် မှန်းဆမရသောစိန်ခေါ်မှုများကို ဖန်တီးပေးလျက်ရှိပါသည်။

### အခြေခံလိုအပ်ချက်

ထို့ကြောင့် လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင် နိုင်ငံများသည် အမျိုးသားလွတ်လပ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် အခြေခံအချက် နှစ်ရပ်ကို သတိပြုကြရန် လိုအပ်လာပါသည်။

စာမျက်နှာ ၁၉ သို့

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ရွှေသောင်ယံ ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက ရွှေသောင်ယံမြို့ သဲကုန်းအုပ်စု အုန်းချောင်းကျေးရွာဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်က ကျေးဇူးတင်စကားပြောကြားပြီး ဆုရရှိသည့် အသင်းများအား ဆုများချီးမြှင့်ရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အကောင်းဆုံးဘောလုံးအားကစားသမားဆု ခြောက်ဆု စသည်တို့ကို တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ပေးအပ်ကြသည်။



အခမ်းအနားသို့ ရွှေသောင်ယံမြို့အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်နှင့်အတူ မြို့အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘောလုံးအသင်းအုပ်ချုပ်သူများ၊ အားကစားသမားများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပွဲကြည့်ပရိသတ်များ စုံညီစွာ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

# လွတ်လပ်မျိုးပန်း လန်းစေသတည်း

❖ မြစ်ကူးချောင်းခြား၊ ဟန့်တားတွန့်ဆုတ်
လူလုပ်တံတား၊ မရှိခြားက
တံတားတန်ဖို့၊ သိမှတ်နိုးမည်…။

❖ နွေပူတောကြမ်း၊ ခရီးလှမ်း၍
ပင်ပန်းကြီးပေ၊ ရေငတ်လေသော်
ရေချိုတန်ဖိုး၊ သိမှတ်နိုးမည်…။

❖ သူရိန်လွန်ကဲ၊ လောင်မြိုက်ဆဲ၌
ရင်ထဲမွတ်သိပ်၊ အေးစိမ့်သစ်ရိပ်
ပင်ရိပ်တန်ဖိုး၊ သိမှတ်နိုးမည်…။

❖ သပေါက်ဘဝ၊ ရုန်းထခဲ့ကြ
သက်မျှသွေးလှမ်း၊ ဘဝလမ်းကား
ခက်ကြမ်းအထွတ်၊ ဆုတ်တက်တန်ဖိုး
လွတ်မျိုးအောင်ပန်း
ထိုက်တန်လွန်းစွ … သာဓက…။

❖ အများပြည်သူ၊ ရယူဆွတ်လှမ်း
သွေးမြေဖျန်းသုတ်၊ တွန့်ဆုတ်မရှိ
အသိသန္တာန်၊ လွတ်ပန်းပန်မှု
အားမာန်မပြတ်၊ တန့်မရပ်ချေ
လွတ်လပ် မျိုးပန်း လန်းစေသတည်း။ ။
သက်မွေဆက်ကမ်း လျှမ်းစေသတည်း…။ ။
ထက်ဝေ ဘဝင်နန်း မြန်းစေသတည်း…။ ။

[(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

ရာမည–သွေးမွန်



# လှည်းကူးမြို့နယ် အလံဂပိုကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်

လှည်းကူး ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလံဂပိုကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လမ်းသစ်အဝင်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ၅၀၅ ပေ၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိပြီး နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀၀၀၀၀၀ တို့ဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥာဏ်ဟိန်း

# ဗိုလ်တထောင်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အသက် ၁၂ နှစ်နှင့် အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အထက(၆)စိန်ပေါ်ကျောင်း ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဘောလုံးအားကစားပြိုင်ပွဲကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် ကျင်းပလျက်ရှိပြီး ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အသက် ၁၂ နှစ်ဘောလုံးအသင်းလေးသင်း၊ အသက် ၁၆ နှစ်အောက် ဘောလုံးအသင်းလေးသင်းစီ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘောလုံးအားကစားဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ ကြည့်ရှုအားပေးကြကာ ဘောလုံးပြိုင်ပွဲတွင် ဆုရရှိကြသော ဘောလုံးအားကစားသမားများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ စာမျက်နှာ ၁၈ မှ

ပထမအချက်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် အခြေခံအကျဆုံးဖြစ်ပြီး ပြည်တွင်း သို့မဟုတ် နိုင်ငံခြားရေးကိစ္စများကို ဖြေရှင်းရာတွင် အချုပ်အခြာအာဏာကို မျှဝေခြင်းသို့မဟုတ် အသုံးချခံရခြင်း မဖြစ်စေရပါ။ နိုင်ငံတော်အချုပ်အခြာအာဏာသည် အထွတ်အထိပ်ဖြစ်ပြီး နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူလူထုကို ထိခိုက်စေသည့် ကိစ္စများသည် နိုင်ငံ့အချုပ်အခြာအာဏာ၏ အထက်တွင် ရှိမနေရပါ။

ဒုတိယအချက်မှာ အချုပ်အခြာအာဏာကို ကာကွယ်ခြင်းသည် ကမ္ဘာကြီးနှင့် ခွဲထွက်၍ အထီးကျန်ခြင်း မဟုတ်ပါ။ နိုင်ငံများသည် ကမ္ဘာကြီးနှင့် ပေါင်းစည်းရန်အတွက် တံခါးဖွင့်ထားသကဲ့သို့ တစ်ပြိုင်နက်တည်းတွင် မိမိတို့၏ အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ပေါင်းစည်းခြင်းသည် အချုပ်အခြာအာဏာကို ပိုမိုကောင်းမွန်စွာ ကာကွယ်ပေးရန်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတကာနှင့် ပေါင်းစည်းဆက်ဆံရာတွင် စွန့်လွှတ်ပေးရခြင်းများနှင့် အပြန်အလှန်ကန့်သတ်ခြင်းများ ပြုလုပ်၍ မရပါ။

## ထိန်းသိမ်းကာကွယ်ရေး

မိမိတို့ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံခြားရေးကိစ္စများ စသည့်မည်သည့်နယ်ပယ်တွင်မဆို အချုပ်အခြာအာဏာကို ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာ အကြောင်းအရာများအလိုက်အပြင် မိမိနိုင်ငံအခြေအနေနှင့်သင့်လျော်သော မဟာဗျူဟာများနှင့် အစီအစဉ်များ ချမှတ်ကျင့်သုံးကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အချုပ်အခြာအာဏာကို ချိုးဖောက်သည့် လုပ်ရပ်များကို အခြားနိုင်ငံများမှသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပမှ ပုဂ္ဂိုလ်များကပါ လုပ်ဆောင်ကြလေ့ရှိပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် hard power နှင့် soft power တို့ဖြင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် စစ်ရေးမဟုတ်သောလုပ်ဆောင်မှုတို့အပြင် စစ်ရေးနည်းလမ်းတို့ဖြင့် အချုပ်အခြာအာဏာကို ထိပါးစေပါသည်။

ယနေ့အချိန်သည် ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အခွင့်အလမ်းများနှင့် နယ်ပယ်များ ကျယ်ပြန့်လာသော်လည်း ဂလိုဘယ်လိုက်ဇေးရှင်းနှင့်အတူ ခေတ်သစ်ကိုလိုနီပုံစံများ ကျင့်သုံးလာနေသည်ကိုလည်း တွေ့ရပါသည်။ ခေတ်သစ်ကိုလိုနီဝါဒသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအပေါ် လွှမ်းမိုးရန် သို့မဟုတ် ထိန်းချုပ်ရန်အတွက် ယခင်ကိုလိုနီခေတ်က အသုံးပြုသော စစ်ရေးဖြင့် တိုက်ရိုက်ထိန်းချုပ်ခြင်း သို့မဟုတ် နိုင်ငံရေးဖြင့် သွယ်ဝိုက်ထိန်းချုပ်ခြင်း ပုံစံများအစား စီးပွားရေးနယ်ချဲ့စနစ်၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ ယဉ်ကျေးမှုနယ်ချဲ့ဝါဒနှင့် ကူညီထောက်ပံ့မှုပုံစံများဖြင့် လုပ်ဆောင်ကြပါသည်။

ကိုလိုနီခေတ်က ကျူးကျော်သိမ်းပိုက်မှုသည် လွတ်လပ်ရေးသာမက အလုံးစုံဆုံးရှုံးရသော်လည်း ခေတ်သစ်ကိုလိုနီစနစ်တွင် နယ်မြေကျူးကျော်သိမ်းပိုက်မှုထက် အချုပ်အခြာအာဏာနှင့် အုပ်ချုပ်ရေးအပေါ် အဓိကလွှမ်းမိုးချုပ်ကိုင်နိုင်ရန် ကြိုးပမ်းကြလေ့ရှိပါသည်။ ထိုသို့ လွှမ်းမိုးချုပ်ကိုင်နိုင်ရန်အတွက် ပစ်မှတ်နိုင်ငံ၏ပြည်တွင်းရေး မငြိမ်မသက်ဖြစ်စေရန်နှင့် ပြိုကွဲစေရန် နည်းလမ်းပေါင်းစုံ အထူးသဖြင့် ပါဝါအပျော့သုံး၍ သွေးခွဲသည့် နည်းလမ်းများ အသုံးပြုနေကြသည်ကို တွေ့ရပါသည်။

ကိုလိုနီနယ်ချဲ့စနစ်ကြောင့် ကမ္ဘာစစ်ကြီးနှစ်ကြိမ် ဖြစ်ခဲ့ပြီးဖြစ်သည်။ ယနေ့တွင်လည်း အင်အားကြီးနိုင်ငံများက ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးအရ အရေးပါသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် ခေတ်သစ်ကိုလိုနီစနစ် ကျင့်သုံးမှုများကြောင့် ကမ္ဘာအနှံ့တွင် မတည်ငြိမ်မှုများနှင့် တင်းမာမှုများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာ ကာကွယ်ရန်အတွက် နိုင်ငံ၏အရင်းအမြစ်များစုပေါင်း၍ လိုက်လျောညီထွေ တုံ့ပြန်ကာကွယ်ကြရမည်ဖြစ်ပါသည်။ ယင်းသို့ ကာကွယ်ခြင်းသည် နိုင်ငံ၏အချုပ်အခြာအာဏာကိုသာမက အမျိုးသားအကျိုးစီးပွားများကို ကာကွယ်ခြင်းလည်းဖြစ်ပါသည်။

## အခက်ခဲဆုံးတာဝန်တစ်ရပ်

ဂလိုဘယ်လိုက်ဇေးရှင်းသည် လူသားတို့အတွက် အခွင့်အလမ်းများဖြစ်စေသည်မှာ မှန်သော်လည်း တစ်ဖက်တွင် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် အပြုသဘောဆောင်သော လမ်းကြောင်းတစ်ခုဖြစ်ပြီး ကဏ္ဍအသီးသီးအတွက် အခွင့်အလမ်းများ တိုးလာစေလျက်ရှိပါသည်။ ထိုအခွင့်အလမ်းများကို ထိရောက်စွာ အသုံးပြု၍ နိုင်ငံ၏စီးပွားရေး၊ နည်းပညာ၊ စျေးကွက်များမှအစ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအထိ ချဲ့ထွင်ကြရမည်ဖြစ်ပါသည်။ သို့မှသာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး ပြည်သူလူထုသည်လည်း လွတ်လပ်ရေး၏အနှစ်သာရများကို ခံစားရရှိနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံများသည် ခေတ်ပြိုင်ကမ္ဘာကြီး၏ ရေစီးကြောင်းများအတွင်း အနေးနှင့်အမြန် စီးမျောခြင်းဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို အများနည်းတူ မြှင့်တင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ ခေတ်ရေစီးကြောင်းတွင် ဟန်ချက်ညီ လိုက်ပါစီးမျောရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အပြင်းထန်ဆုံးနှင့် အခက်ခဲဆုံးတာဝန်မှာ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများမှ အမျိုးသားလွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် ဖြစ်ပါသည်။ ။

# ကြီးပွားအောင်မြင်ခြင်းဆိုတာ ဘာလဲ

ပီမိုးနှင်း

လူတို့သည် အများအားဖြင့် စည်းစိမ်ဥစ္စာ၊ ဝင့်ဝါတောက်ပခြင်းကို ကြီးပွားအောင်မြင်ခြင်းဟု အယူရှိကြ၏။ ကျွန်ုပ်၏မိတ်ဆွေတစ်ယောက်က ကျွန်ုပ်အား နာမည်ကြီးသလောက် ငွေကြေးဥစ္စာ မရှိသဖြင့် ကျွန်ုပ်အပေါ်၌ ကရုဏာအမျက်ထွက်ကာ အပြစ်တင်စကားများကို ရေးသားဆုံးမလိုက်၏။ ကျွန်ုပ်၏ များစွာသော ဆွေမျိုးဉာတိ အခြားအသိမိတ်ဆွေတို့ကလည်း ထို့အတူ အပြစ်ဆိုကြ၏။ သို့အပြစ်ဆိုသူများအနက် များစွာတို့မှာ သူဌေးသူကြွယ် လူချမ်းသာတွေမဟုတ်ကြချေ။ ကျွန်ုပ်မှာမူကား သူဌေးမဟုတ်သော်လည်း သူဌေးအများ မလုပ်နိုင်သောအရာကို လုပ်နိုင်သူတစ်ယောက်ဖြစ်၏။ ထိုအလုပ်သည်ကား ကျွန်ုပ်၏စာများဖြင့် စိတ်လက်ပြုံးပြင်သော ပြည်သူအမျိုးသားတို့၏ စိတ်ကို ဖျော်ဖြေနိုင်သောအလုပ်၊ ကြီးပွားချမ်းသာရေးအတွက် အမျိုးသားများ သတိလစ်သည့်အရာများကို မကြာမကြာ သတိပေးနိုင်ခြင်းအလုပ်များ ဖြစ်လေရာ ထိုအလုပ်များကို လုပ်ကိုင်ရသည့်အတွက် အမျိုးသားတို့က ကျွန်ုပ်အား အငတ်မထားခြင်း၊ ကျွန်ုပ်အလုပ်၌ ပျော်ပိုက်ကျေနပ်ခြင်း၊ ကျွန်ုပ်၏အလုပ်ကို အများနှစ်သက်သဘောကျသည်ကို သိရခြင်း၌ တက်ကြွခြင်း (ပုထုဇဉ်မှန်က စိတ်တက်ကြွခြင်း၊ အမြောက်ကြိုက်ခြင်း မကင်းကြချေ) နောင်ဘဝအဆက်ဆက်၌ ထိုမွန်မြတ်သောအလုပ်၌ တိုးတက်ဖို့ရှိသည်ဟု စိတ်ချယုံကြည်ခြင်း၊ ဤအလုပ် အပြစ်ကင်းသည်ဟု ယုံကြည်ခြင်း၊ ၎င်းအလုပ်၌ အထမြောက်အောင်မြင်သူဖြစ်သည်ဟု တိုင်းပြည်က အသိအမှတ်ပြုသည်ကိုခံရခြင်း စသည့်အချက်များသည် ဤဘဝ၌ ကျွန်ုပ်၏အောင်မြင်ခြင်းဟု အယူရှိအပ်၏။ သို့အယူရှိကာ အတော်ကလေး တက်ကြွသောစိတ်ကို တစ်ခါတစ်ခါ အတော်ကြီးနှိမ်၍ထားရသည်ကား ပုထုဇဉ်ဖြစ်သောကြောင့်ပေတည်း။ စိတ်သောကပူပင်ကြောင့်ကြခြင်းသည်ကား မည်သူမှာမျှ မကင်းချေ။ သောကပူမကင်းခြင်းကြောင့်လည်း အောင်မြင်သူမဟုတ်ဟုမဆိုနိုင်ချေ။ လောက၌ အောင်မြင်ခြင်းသည် အမျိုးမျိုးရှိ၏။ ရေးပညာရှိ ကျော်ကြားသူများအနက် ယခုထက်တိုင် နာမည်မပျောက်သော ဆင်းရဲဒုက္ခခံရသောပုဂ္ဂိုလ်များ ရှိကြ၏။ ထိုပုဂ္ဂိုလ်များကို မအောင်မြင်သူများဟု မဆိုနိုင်ချေ။ သို့ဖြစ်လေရာ စည်းစိမ်ဥစ္စာ ရွှေငွေများကို ကြီးပွားအောင်မြင်ခြင်း၏ အထိမ်းအမှတ်ဖြစ်သည်ဟူသောအယူထက် မှားသောအယူ အဘယ်မှာရှိမည်နည်း။

**“သူတစ်ပါးထံမှ မှီခိုကပ်ရပ်၍ အသက်မမွေးဘဲ မိမိနှင့် မိမိ၏အခြွေအရံတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရအောင် ရှာဖွေအသက်မွေးနိုင်သူမှန်က ကောင်းမြတ်သော ရည်ရွယ်ချက်တစ်ခုခုကို ပေါက်ရောက်သည့်အခါ ကြီးပွားအောင်မြင်သည်ဟု ဆိုရပေမည်။ လောက၌ လူရှိသမျှ စည်းစိမ်ရှင်တွေသာ ဖြစ်ကြချေက အဘယ်မှာစည်းစိမ်ရှိပါတော့မည်နည်း။ ငွေများသူတွေရှိသောကြောင့် ဆင်းရဲသူတွေ ဝမ်းခါးလှ၏။ ဆင်းရဲသူတွေရှိခြင်းကြောင့် ငွေရှင်တွေ စည်းစိမ်ခံကြရ၏”**

သူတစ်ပါးထံမှ မှီခိုကပ်ရပ်၍ အသက်မမွေးဘဲ မိမိနှင့် မိမိ၏အခြွေအရံတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရအောင် ရှာဖွေအသက်မွေးနိုင်သူမှန်က ကောင်းမြတ်သော ရည်ရွယ်ချက်တစ်ခုခုကို ပေါက်ရောက်သည့်အခါ ကြီးပွားအောင်မြင်သည်ဟု ဆိုရပေမည်။ လောက၌ လူရှိသမျှ စည်းစိမ်ရှင်တွေသာ ဖြစ်ကြချေက အဘယ်မှာ စည်းစိမ်ရှိပါတော့မည်နည်း။ ငွေများသူတွေရှိသောကြောင့် ဆင်းရဲသူတွေ ဝမ်းခါးလှ၏။ ဆင်းရဲသူတွေရှိခြင်းကြောင့် ငွေရှင်တွေ စည်းစိမ်ခံကြရ၏။ သို့သော်လည်း စည်းစိမ်ကား လှည့်စားခြင်းမျှသာဖြစ်လေရာ ကိုယ်၏ စည်းစိမ်ထက် စိတ်စည်းစိမ်သည် ပိုမို၍မြတ်လေသည်။ နေ့စဉ် အကောင်းကိုစားရသော သူဌေးမှာ စားသောက်မကောင်းသောရောဂါကြောင့် ဆေးဖိုးဝါးခ များစွာကုန်ကျကြလေသည်။ ဒရဝမ်ကုလား၏ ပဲထမင်းသည် ဘုရင်မင်းမြတ်၏ ပွဲရံထက် သာနိုင်လေသည်။

လူမှန်သမျှ ဝါရှင်တန်၊ နပိုလီယံချည်းမဖြစ်နိုင်။ လူမှန်သမျှ လူသတ္တဝါတို့၏အကျိုးကို တစ်နည်းနည်းဖြင့် ဆောင်ရွက်နိုင်၏။ လူမှန်သမျှ ရောက်ဖက်လားဖို့ သူဌေးကြီးများ မဖြစ်နိုင်ချေ။ မည်သူမဆို ပြည်သူအဖွဲ့ကြီး၏အကျိုးငှာ တစ်ခုခုကိုလုပ်နိုင်၏။ စည်းစိမ်ဥစ္စာကို ပင်ပန်းစွာရှာ၍ရပြီးနောက် အဟုတ်တကယ် စိတ်ကျေနပ်၍ သုခချမ်းသာကိုသာ ခံစား၍နေသူ အဘယ်မှာရှိပါသနည်း။

သို့ဖြစ်၍ ကြီးပွားအောင်မြင်ခြင်းကို ငွေနှင့်မနှိုင်းအပ်ပေ။ စင်စစ်မှာကား ရိုးသားဖြောင့်မတ်စွာ အသက်မွေးလျက် ရည်ရွယ်ချက်ပေါက်ရောက်ခြင်းကို ကြီးပွားအောင်မြင်ခြင်းဟု ဆိုအပ်ပေကြောင်း။

ရှမဝ၊ စက်တင်ဘာ၊ ၁၉၅၃

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**ပထမခြေလှမ်းစတင်ပါ**

“ဒီနေ့လုပ်နိုင်တာကို နက်ဖြန်ထိရွှေ့ဆိုင်းမနေလေနှင့်။ အခုလုပ်လို့ရတာက စတင်လုပ်ဆောင်ပါ”

**အေဘရာဟင်လင်ကွန်း (၁၈၀၉-၁၈၆၅)**
**(၁၆)ဦးမြောက် အမေရိကန်သမ္မတ**

အောင်မြင်ကြီးပွားချမ်းသာမှုကို လူတိုင်းလူတိုင်းက လိုလားကြသည်။ ထို့ကြောင့် အောင်မြင်ရေး နည်းလမ်းများစွာကို ရှာဖွေလေ့လာ လိုက်နာလုပ်ဆောင်ကြသည်။ သို့တိုင် လူတိုင်းကဖြင့် အောင်မြင်မှုဟူသည်ကို ရရှိပိုင်ဆိုင်နိုင်မှုမရှိကြချေ။ ယင်းမှာ လောကသဘာဝပင်ဖြစ်သည်။

သို့ဖြစ်၍ မည်သည့်အရာမျှ ပုံသေတွက်ဆ၍ မရနိုင်ပေ။ လူတိုင်း ကြိုးစားရုန်းကန်ကြသည်မှန်သော်လည်း လူတိုင်းမအောင်မြင်၊ လူတိုင်းမချမ်းသာ။ လူတိုင်းလည်း မဆင်းရဲကြပေ။

သို့သော် အောင်မြင်ကြီးပွားချမ်းသာသူတိုင်းက ကြိုးစားရုန်းကန်ခဲ့ကြရသည်သာဖြစ်သည်။

အနည်းစုဖြစ်သည့် မိဘဘိုးဘွားအမွေဆက်ခံမှုကြောင့် ကြီးပွားချမ်းသာရသူများ ရှိကောင်းရှိနိုင်ပါသည်။ ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုးကြိုးစားခဲ့ကြသူများအတွက်မှာမူ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိနိုင်သည်မှာ သေချာလှပေသည်။

“အချိန်မဆွဲနှင့်။ အချိန်ဆွဲခြင်းဆိုသည်က အမြဲတစေ ထိခိုက်ပျက်စီးစေတတ်၏။”

အမေရိကန်ပြည်ထောင်စု၏ နှစ်ဦးမြောက်သမ္မတဖြစ်သူ အင်ဒရူးဂျက်ဆင်(၁၇၆၇-၁၈၄၅) က ရေးသားခဲ့ဖူးသည်။

သို့ဖြစ်၍ အောင်မြင်မှုရရှိရန် ကြိုးစားလုပ်ဆောင်ရာတွင် အချိန်မဆွဲဘဲ ချက်ချင်းလုပ်ဆောင်ရပေမည်။ အချိန်ဆွဲခြင်းသည် ရည်မှန်းချက်၊ ရည်ရွယ်ချက်တို့အား ထိခိုက်ပျက်စီးစေတတ်ကြောင်း ပြဆိုထားခြင်းလည်းဖြစ်သည်။ ထို့ကြောင့် မည်သည့်အရာပင်ဖြစ်စေ လုပ်ဆောင်မည်ဟု အတွေးကိုရရှိလျှင် ချက်ချင်းပင် စတင်အကောင်အထည်ဖော်ရန် တိုက်တွန်းထားခြင်းလည်းဖြစ်သည်။




ယနေ့လုပ်ဆောင်နိုင်သည်များကို နောက်နေ့အထိ မရွှေ့ဆိုင်းဘဲ လုပ်လို့ရသည့်အခြေအနေမှသည် စတင်လုပ်ဆောင်ရမည်ဖြစ်သည်။ ရည်ရွယ်သည့် ရည်မှန်းချက်ကို လက်ငင်းအကောင်အထည်ဖော်ရာတွင် တွေဝေမနေဘဲ ပထမခြေလှမ်းဖြင့် စတင်လိုက်ရန်လိုအပ်သည်။

သို့မှသာ အောင်မြင်မှု၏လမ်းစကို ရရှိပေလိမ့်မည်။ လူတိုင်းလူတိုင်း အောင်မြင်ကြီးပွားချမ်းသာနိုင်ရေးအတွက် အဓိကလိုက်နာရမည့် ကြီးပွားချမ်းသာနည်းဗျူဟာ (၁၀)ချက်ကို ဖော်ပြလိုက်ပါသည်။

၁။ ပထမဆုံးခြေလှမ်းကို စတင်လှမ်းလိုက်ပါ။
၂။ နေ့စဉ် လေ့ကျင့်ခန်းလုပ်။ လမ်းလျှောက်ပါ။
၃။ ကျန်းမာရေးနဲ့ ပိုမိုညီညွတ်အောင် သတိထားပြီး စားသုံးပါ။
၄။ ငွေကို ချွေတာစုဆောင်းပါ။
၅။ ဝင်ငွေ ပိုမိုကောင်းမွန်အောင် ကြိုးစားပါ။
၆။ လူတွေနဲ့ ခပ်များများတွေ့ဆုံပါ။
၇။ အချိန်ကို ပိုပြီးအကျိုးရှိအောင် အသုံးချပါ။
၈။ ကျန်းမာရေးထိခိုက်စေနိုင်တဲ့ ဆေးလိပ်၊ ကွမ်း၊ အရက်၊ လက်ဖက်ရည်တို့ကို အလွန်အကျွံသောက်သုံးမှုမှ ရှောင်ရှားပါ။
၉။ လုပ်ဖော်ကိုင်ဖက်တွေကို ကျေးဇူးများများတင်ပါ။ ကျေးဇူးပြုနိုင်သမျှပြုပါ။
၁၀။ ကိုယ့်ဝန်းကျင်ကို သာယာပျော်ရွှင်လှပပြီး ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းရှာဖွေပါ။ ကျရာတာဝန်ကို ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ လုပ်ဆောင်ပါ။

အဆိုပါ အချက်(၁၀)ချက်ကို လိုက်နာကျင့်ဆောင်နိုင်ခြင်းအားဖြင့် ဘဝတွင် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ အောင်မြင်ကြီးပွားချမ်းသာလိုသူ မည်သူမဆို ထိုအချက်များကို သိရှိလိုက်နာပြီး စတင်လုပ်ဆောင်နိုင်ရမည်လည်းဖြစ်သည်။

“လူတစ်ယောက်ဟာ အလုပ်တစ်ခုကို စတင်လုပ်ဆောင်ပြီဆိုရင်ပဲ သူဟာ အလုပ်ရဲ့တစ်ဝက်ကို ပြီးစီးပြီလို့ ဆိုရမှာဖြစ်တယ်”ဟု စာဆိုပညာရှင် ဟိုးရေ့စ် (၆၅၈ ဘီစီ) ကလည်း ရေးသားခဲ့ဖူးသည်။ ထို့ကြောင့် မည်သည့်အရာမဆို အစကနဦးက အရေးကြီးပေသည်။ စတင်လုပ်ဆောင်နိုင်ရန်သာ လိုသည်။

သို့ဖြစ်၍ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုရရှိရန် မိမိတို့၏ရည်မှန်းချက်များကို စတင်အကောင်အထည်ဖော်နိုင်ခြင်းဖြင့် အမှန်တကယ် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ပေတော့သည်။ ။

# "ဖွဲ့"ရှိသူဖြစ်ချင်သလား

**မောင်ထူးချွန်**

ဖွဲ့ရှိသူဖြစ်ချင်သလားဆိုရင် မောင်တို့မယ်တို့အနေနဲ့ ဖွဲ့ရှိသူဖြစ်ချင်ကြပေမပေါ့။ ဖွဲ့ရှိသူဖြစ်ချင်ရင်တော့ အပင်ပန်းခံနိုင်ရမယ်။ ကျားကုတ်ကျားခဲကြိုးစားရုန်းကန်နိုင်ရမယ်။ ဒါတွေဟာ ဖွဲ့ရှိဖို့အတွက် အခြေခံအကျဆုံးအချက်တွေပါပဲ။

"ဖွဲ့ကောင်းလိုက်တာကွယ်" ဆိုတဲ့စကားမျိုးကို ကြားဖူးကြမယ်ထင်ပါတယ်။ မောင်တို့မယ်တို့ဝန်းကျင်မှာ ကြားဖူးနေကျ စကားလေးတစ်ခွန်းပါ။ ဖွဲ့ကောင်းတာနဲ့ပတ်သက်လို့ပြဆိုရရင် သာဓကတွေအများကြီးပေါ့ကွယ်။ ဒီအထဲကမှ မောင်တို့မယ်တို့ သိသင့်တဲ့အကြောင်းလေး၊ သိဖူး၊ ကြားဖူး၊ မှတ်သားဖူးလောက်တဲ့ အကြောင်းခြင်းရာလေးကို ပြောချင်တယ်။

မြန်မာတိုင်းရင်းသားသွေးချင်းတွေဟာ ၁၈၈၅ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်အထိ ၆၂ နှစ်လုံးလုံး ဖွဲ့ကောင်းကောင်းနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြတယ်။ မြန်မာ့လွတ်လပ်ရေးအတွက် သွေးချင်းညီအစ်ကိုမောင်နှမ တစ်မျိုးသားလုံးက ကြိုးစားရုန်းကန်ခဲ့ကြရတယ်။ နောက်ဆုံးတော့ အောင်မြင်မှုရရှိတာပါပဲ။ စည်းလုံးညီညာအောင်ကြောင်းဖြာဆိုသလိုပေါ့ကွယ်။ လွတ်လပ်ရေးအောင်ပွဲကို ဆင်နွှဲနိုင်ခဲ့တယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ကမ္ဘာပေါ်မှာ လွတ်လပ်တဲ့နိုင်ငံတစ်ခုအနေနဲ့ ကြွားကြွားဝင့်ဝင့် အောင်လံတော်ကိုလွှင့်ထူနိုင်ခဲ့တယ်။

ဒါကြောင့် ခုလာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ရောက်ရှိလာပြီပေါ့ကွယ်။

ဒါဟာလည်း မရမနေကြိုးပမ်းကြတဲ့တိုင်းရင်းသားပြည်သူတွေရဲ့ ဖွဲ့ဆုပါပဲ။ ဖွဲ့ကောင်းလို့အောင်နိုင်ခဲ့တာ။ တိုင်းရင်းသားသွေးချင်းတို့ရဲ့ သွေးတွေ၊ ချွေးတွေ၊ အသက်တွေပေးဆပ်ခဲ့ရတာ။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ အင်္ဂလိပ်စစ်တပ်ရဲ့ အမြောက်ပစ်သံကစပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှဘုရင်မကြီးရဲ့ ယူနိုက်တက်ကင်းဒန်း(ယူကေ) လက်အောက်ခံအဖြစ် သွတ်သွင်းလိုက်သည်ဆိုတဲ့ ကြေညာချက် ထုတ်ပြန်လိုက်တဲ့အချိန်ကစပြီး နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ သူ့ကျွန်ဘဝကျရောက်ခဲ့ရတာဖြစ်တယ်။




ခေတ်အဆက်ဆက် တိုင်းရင်းသားခေါင်းဆောင်အသီးသီးရဲ့ ဖွဲ့ကြီးကြီးနဲ့ တွန်းလှန်တိုက်ပွဲဆင်နွှဲနိုင်ခဲ့ကြလို့သာ မြန်မာနိုင်ငံလွတ်လပ်ရေးကြီး ပြန်လည်ရရှိလာတာပေါ့ကွယ်။

ဒီလို လွတ်လပ်ရေးအရယူပေးခဲ့ကြတဲ့ ခေါင်းဆောင်တွေမှာ ဗိုလ်ချုပ်အောင်ဆန်းလည်း အပါအဝင်ပေါ့။ ဝမ်းနည်းစရာကောင်းတာက လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅–၁၉၄၇)ဟာ နယ်ချဲ့အင်္ဂလိပ်စစ်တပ်က စစ်ဗိုလ်နှစ်ဦးထုတ်ပေးခဲ့တဲ့ လက်နက်၊ ကျည်ဆန်တွေနဲ့ ဗိုလ်ချုပ်ရဲ့ ခန္ဓာကိုယ်ထဲကို ကျည်ဆန် ၁၃ တောင့်အထိ ပစ်ခတ်လုပ်ကြံခံခဲ့ရလို့ ကျဆုံးခဲ့ရတယ်။ အဲဒီအချိန်က ဗိုလ်ချုပ်ဟာ အသက် (၃၂) နှစ်အရွယ်သာရှိသေးတဲ့ လူငယ်တစ်ဦးပဲပေါ့ကွယ်။

ပစ်ခတ်လုပ်ကြံသူတွေကတော့ ရန်ကြီးအောင်၊ မှုံကြီး၊ သုခ၊ စိန်ကြီး၊ ဘညွန့်၊ သက်နှင်း စတဲ့လူသတ်သမားတွေပေါ့။ ကြိုးပေးတဲ့ သေဒဏ်ကျခံရသူတွေထဲမှာ အနီးကပ်စေခိုင်းခဲ့တဲ့ ဂဠုန်ဦးစောလည်းပါတာပေါ့။ သေနတ်တွေ၊ ကျည်ဆန်တွေ လျှို့ဝှက်ထုတ်ပေးပြီး တကယ်တမ်း နောက်ကွယ်ကနေ စီမံခဲ့သူ မျက်နှာဖြူအင်္ဂလိပ်တွေကတော့ အင်္ဂလန်ကို ထွက်ပြေးသွားကြလေရဲ့။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ သေနတ်နဲ့ ကျည်ဆန်တွေဟာ "အင်္ဂလန်လက်နက်စက်ရုံ"က ထုတ်လုပ်ခဲ့တာအမှန်ပါပဲ။ သားစဉ်မြေးဆက်အထိလည်း အင်္ဂလန်က ထုတ်လုပ်တဲ့ အနုနည်း၊ အကြမ်းနည်းလက်နက်မျိုးစုံရဲ့အန္တရာယ်က အဆက်မပြတ် ဖိစီးခြိမ်းခြောက်နေဆဲပဲပေါ့ကွယ်။

တိုင်းပြည်လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းကြရာမှာ ဖွဲ့ဟာ လိုအပ်တယ်။ မရှိမဖြစ်ကို လိုအပ်တာ။ တိုင်းပြည်ကို မပြိုကွဲအောင်၊ မနစ်မွန်းအောင် ကာကွယ်ကြမယ်ဆိုရာမှာလည်း အနစ်နာခံမှု၊ ဉာဏ်ပညာ အမြော်အမြင်ရှိမှုတို့နဲ့အတူ ဖွဲ့၊ လုံ့လရှိမှုဖြစ်ပါတယ်။ ဖွဲ့ရှိရှိနဲ့ သတိထားပြီး မိမိတို့ရဲ့ အချုပ်အခြာအာဏာကို မဖျက်ဆီး မစော်ကားနိုင်အောင် ကာကွယ်ကြရမယ်။

လွတ်လပ်စအချိန်က လက်နက်ကိုင်ပုန်ကန်ရေးတွေနဲ့ ပြည်တွင်းသောင်းကျန်းဆူပူမှုတွေကို နှစ်ပေါင်း ခြောက်ဆယ်ကျော် အေးချမ်းလုံခြုံအောင်ပြည်သူ့တပ်မတော်က နှိမ်နင်းကာကွယ်ခဲ့ရတယ်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူတစ်ရပ်လုံးရဲ့ တစ်ခဲနက်သော ပြည်သူ့ဆန္ဒ ထောက်ခံမှုနဲ့ အတည်ပြုနိုင်တာဟာ အလွန်တရာ ကြီးမားလှတဲ့ ညီညွတ်မှုပါပဲ။ ၁၉၄၇၊ ၁၉၇၄ ဖွဲ့စည်းပုံများထက် တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေကို ပိုမိုတိုးမြှင့်ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းအေးချမ်းသာယာမှုအလားအလာဟာ အများကြီးကောင်းမွန်လာခဲ့ရတယ်။

နိုင်ငံနဲ့လူမျိုး တိုးတက်ဖွံ့ဖြိုးဖို့ရာ နိုင်ငံသူနိုင်ငံသား လူတစ်ဦးချင်းစီရဲ့အောင်မြင်မြင့်မားမှုနဲ့ ဆက်နွှယ်နေပါတယ်။ ပြည်သူလူထုတစ်ဦးချင်းစီရဲ့ တိုးတက်မြင့်မားမှုတွေဟာ နိုင်ငံတော်ကို မြင့်မားလာအောင် မြှင့်တင်ထူထောင်တာနဲ့ အတူတူပါပဲ။

တိုင်းရင်းသား ပြည်သူတစ်ဦးချင်းဟာ အခက်အခဲကို မညည်းမညူ အားမာန်ဖွဲ့နဲ့ အောင်မြင်မှုရရှိအောင် လုပ်ဆောင်ကြရမှာပေါ့ကွယ်။

အထူးသဖြင့်တော့ နိုင်ငံတော်ရဲ့ လူဦးရေထက်ဝက်ကျော်ရှိတဲ့ အသက်နှစ်ဆယ်မှ သုံးဆယ်အတွင်း လူငယ်တွေဟာ နိုင်ငံတည်ဆောက်ရေးမှာ အရေးပါလှတယ်။ အမျိုးသားအကျိုးစီးပွားအောင်မြင်ရေးအတွက် လူငယ်ထုကြီးရဲ့ များပြားလှတဲ့ အရေအတွက်ရော၊ အရည်အသွေးရော၊ ဖွဲ့ရှိရှိပါဝင်မှုတွေက အဓိကသက်ဆိုင်တယ်။

ဒါကြောင့် မောင်တို့မယ်တို့လိုလူငယ်တွေရဲ့ မိမိဘဝကို ကြီးကျယ်မြင့်မားအောင် ဖွဲ့ရှိရှိနဲ့ မြှင့်တင် ပျိုးထောင်ကြဖို့ အလွန်ပဲအရေးကြီးလှတယ်။ အဲဒီလို အသိအမြင်တွေရှိဖို့ လိုအပ်တယ်။ အဲဒီလိုအသိအမြင်တွေ ရှိလာပြီဆိုရင် မောင်တို့မယ်တို့ဟာ ဖွဲ့ရှိသူတွေဖြစ်လာပြီပေါ့ကွယ်။ ။

# သင့်အသံ အမြဲတစေ ပြောင်းနေပါ

**အောင်မြတ်စည်သူ**

ကျွန်တော်သည် အသံသြဇာကောင်းသောကြောင့် ကံကောင်းသည်ဟု မကြာခဏ အပြောခံရလေ့ရှိသည်။

တချို့ကမူ ဟောပြောပွဲခန်းမတွင် လူဦးရေ ရာထောင်ချီရှိနေသည့်တိုင်အောင် ကျွန်တော် မိုက်ခရိုဖုန်းသုံးလေ့မရှိလှသောကြောင့် အတော်ပင် အထင်တကြီးရှိတတ်သည်။

လူတို့သည် ကျွန်တော် အသံပါရမီကောင်းသည်ဟု ချီးကျူးကောင်း ချီးကျူးကြမည်ဖြစ်သော်လည်း ရှေ့အခန်းတစ်ခန်းတွင် ကျွန်တော်ပြန်ပြောင်းပြောပြခဲ့သကဲ့သို့ပင် ယခင်က ကျွန်တော့်အသံသည် ချည့်နဲ့သော အသံသေးမျှသာ ဖြစ်ခဲ့သည်။

ကျွန်တော့်အသံ ဖွံ့ဖြိုးစေရန် ကျွန်တော့်ကို တွန်းအားပေးခဲ့သော အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန်တော်ဖတ်ရှုခဲ့သော သရုပ်ဆောင် ရစ်ချတ်ဘာတွန်နှင့်ပတ်သက်သော မဂ္ဂဇင်းအင်တာဗျူး ဖြစ်သည်။

(ရစ်ချတ်ဘာတွန်သည် ခေတ်ကာလများ တစ်လျှောက်လုံး ဆွဲဆောင်မှုအရှိဆုံး အသံပိုင်ရှင်ဖြစ်သည်။ သူ၏ ဘရော့ဒ်ဝေးပြဇာတ် 'Camelat' အခွေတွင် နားထောင်ကြည့်ပါ။)

ထိုအင်တာဗျူးတွင် ဘာတွန်က အသံဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသောကြောင့် သူသည် အသံကြောများ သန်မာပျော့ပျောင်းစေရန်အတွက် နံနက်ရေချိုးသည့်အခါတိုင်း သီချင်း သုံး၊ လေးပုဒ် ဆိုလေ့ရှိကြောင်း ပြောကြားခဲ့သည်။

နောက်တွင် ရုပ်မြင်သံကြား အင်တာဗျူးအစီအစဉ်တစ်ခု၌ တိုနီရန်ဒယ်လ်သည် သင်၏သီချင်းဆိုသကဲ့သို့သော သရုပ်ဆောင်လေသံ ရရှိခဲ့ပုံကို အစီအစဉ်တင်ပြသူအား ပြောပြခဲ့သည်။

"ကျွန်တော် အော်ပရာသင်တန်းတက်ခဲ့တယ်။ အော်ပရာသီချင်းဆိုတာက ကျွန်တော့်ရဲ့ ဇာတ်စင်အသံကို ကျွန်တော် တခြားကြိုးစားခဲ့သမျှထက် ပိုပြီးအထောက်အကူပြုတာကို တွေ့ခဲ့ရတယ်"ဟု သူက ဆိုခဲ့သည်။

ထိုအင်တာဗျူးနှစ်ခုသည် ထိုကာလကတည်းကပင် ကျွန်တော့်စိတ်ထဲ စွဲမြဲနေလာခဲ့သည်။ ကျွန်တော်သည် ကျွန်တော့်ကားထဲတွင် နားထောင်ပြီး လိုက်ဆိုရန် အခွေများစွာ ဆောင်ထားလေ့ရှိသည်။ ကျွန်တော်သည် ထိုသီချင်းများကို ကောင်းကောင်းကြီး ကျယ်လောင်စွာ ဖွင့်၍ အသံကုန်လိုက်ဆိုလေ့ရှိသည်။

ကျွန်တော်သည် ထိုကိစ္စကို နေ့စဉ်သတိထား၍လုပ်သည်။ သီချင်းဆိုချင်စိတ်မရှိလည်း ပြုလုပ်သည်။

ဝီလျံဂျိမ်းစ်၏ စကားနှင့်ပြောရလျှင် နောက်အကျိုးတစ်ခုရှိသေးသည်။ "ကျွန်တော်တို့ ပျော်ရွှင်၍ သီချင်းဆိုသည်မဟုတ်ချေ။ သီချင်းဆို၍ ပျော်ရွှင်သည်။"

လူထုဟောပြောပွဲကြီးတစ်ခုတွင် မဟောပြောမီ ကျွန်တော်သည် ဟောပြောပွဲကျင်းပမည့်နေရာသို့ တစ်နာရီ ကြိုတင်ရောက်အောင်သွားပြီး ထိုဝန်းကျင်တွင် ကားလျှောက်မောင်းလျက် သူရူးတစ်ယောက်လို သီချင်းအော်ဆိုလေ့ရှိသည်။

(ကျွန်တော့်အိမ်ရှင် မိတ်ဆွေက ကားနှင့် ဖြတ်မောင်းသွားစဉ် ကားထဲတွင် အဲလ်ဗစ်ပရက်စလေနှင့်အတူလိုက်၍ သီချင်းဆိုလျက် အင်မတန် အန္တရာယ်ပြုနိုင်ကောင်းသော၊ သူရူးပုံထွက်နေသော ကျွန်တော့်ကို မြင်သွားလျှင် ဒုက္ခဟု တစ်ခါတစ်ရံတွင် ကျွန်တော်တွေးမိသည်)

သို့သော် စွန့်စားရကျိုးနပ်လောက်အောင် အကျိုးများပေသည်။ ထိုသို့ ကားမောင်း သီချင်းဆိုသောအခါတွင် ကျွန်တော့်အသက်ရှူနှုန်းက ပို၍ကောင်းသည်။

ချိန်ကိုက်မှု ပို၍ကောင်းပြီး ကျွန်တော် စကားပြောဆိုသောအခါ ကျွန်တော့်အသံသည် ခန်းမတစ်ဝန်းကို အလွယ်တကူ ပျံ့နှံ့သွားသည်။

"ငါ စကားပြောဆိုတဲ့ အလုပ်လုပ်တာမှမဟုတ်တာ" ဟု သင်ထင်ကောင်းထင်ပေမည်။ ထို့ကြောင့် ထိုသို့သော ခပ်ကြောင်ကြောင် လေ့ကျင့်ခန်း သင့်အတွက် မလိုအပ်ဟု ထင်ကောင်းထင်မည်။ သို့သော် ကျွန်တော်တို့အားလုံး စကားပြောဆိုကြသည်။

သာတောင့်သာယာ၊ သက်သောင့်သက်သာနှင့် အားပြည့်သော စကားပြောသံသည် တခြားသူများနှင့် ဆက်သွယ်ပြောဆိုရသည့် အလုပ်လုပ်ရသူတိုင်းအတွက် အဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုတစ်ရပ်ဖြစ်သည်။

နားဝင်ချိုသောသူများကို ရည်ညွှန်းသောအခါတွင် လူများစွာသည် "သာယာနာပျော်ဖွယ်ရှိသည်နှင့် ဌာန်ကရိုဏ်းကျသည်"ဟု ဆိုလေ့ရှိကြသည်။"

ဤသည်မှာ အလွန်ကောင်းမွန်သော စကားပြောသံကို ချီးကျူးမှုပြုနေကြောင်း နားလည်လာစေသောအချက်ပင်ဖြစ်သည်။

သင်သည် သင့်လက်ရှိအသံနှင့် "မိ" နေခြင်းမရှိချေ။ သီချင်းဆိုမှုစတင်ပြုပါ။ မကြာမတင်ကာလတွင် သင်သည် သင်လိုချင်သောအသံကို ဖန်တီးပြုမိပေမည်။

သင့်အသံ သြဇာပြည့်လေလေ၊ သင့်ကိုယ်သင် ယုံကြည်မှုရှိလေလေ၊ သင့်ကိုယ်သင် စိတ်လှုံ့ဆော်ရန် လွယ်လေလေပင် ဖြစ်သည်။ ။

Ref : Always change your voice by Steve Chandler

## ဈေးကွက်အတွင်း လိမ္မော်သီးဈေးနှုန်းကျဆင်း

ဘောလခဲ ဒီဇင်ဘာ ၂၆

လိမ္မော်သီးကို ကယားပြည်နယ်အတွင်းရှိ ဘောလခဲမြို့နယ် လွိုင်ဝိန်ကျေးရွာ၊ ဝမ်မလန်ကျေးရွာတို့တွင်လည်းကောင်း၊ ဖရူဆိုမြို့နယ် မူဆိုကျေးရွာတွင်လည်းကောင်း၊ ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖ ကျေးရွာတို့တွင် မိသားစုအပိုဝင်ငွေရရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး ဆောင်းဝင်စအချိန်တွင် ရောင်းချနိုင်သော ရာသီပေါ် သီးနှံတစ်မျိုးဖြစ်သည်။ ဈေးကွက်အတွင်း ရောင်းချသော လိမ္မော်သီးမှာ ရှမ်းပြည်နယ်အတွင်းရှိ ပင်လောင်း၊ အောင်ပန်းနှင့် ကလောအစရှိသည့် ဒေသများမှ မှာယူတင်သွင်းကြပြီး ယခုဒီဇင်ဘာလတတိယပတ် ဈေးကွက်အတွင်း၌ လိမ္မော်သီးအလုံးသေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ လိမ္မော်သီးအလုံးလတ် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ အလုံးကြီး တစ်ပိဿာလျှင် ကျပ်၂၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ယခင်နိုဝင်ဘာလ တတိယပတ်တွင် လိမ္မော်သီး အလုံးသေး တစ်ပိဿာလျှင် ကျပ်၂၅၀၀၊ လိမ္မော်သီးအလုံးလတ် တစ်ပိဿာလျှင် ကျပ် ၃၄၀၀၊ လိမ္မော်သီးအလုံးကြီး တစ်ပိဿာလျှင် ကျပ် ၃၈၀၀ ဖြင့်ရောင်းချခဲ့ပြီး ယခင်နိုဝင်ဘာလ တတိယပတ်နှင့် ယခုဒီဇင်ဘာလ တတိယပတ်နှိုင်းယှဉ်လျှင် လိမ္မော်သီးအလုံးသေး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ အလုံးလတ်တစ်ပိဿာလျှင် ကျပ် ၁၄၀၀၊ အလုံးကြီးတစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဈေးနှုန်းကျဆင်းလာကြောင်း၊ ဈေးနှုန်းကျဆင်းရခြင်းမှာ ဈေးကွက်အတွင်း လိမ္မော်သီးအများအပြား ဝင်ရောက်လာသောကြောင့်ဖြစ်သည်ဟု နောင်ယားဈေးတွင် လိမ္မော်သီးရောင်းချသူတစ်ဦးထံမှ သိရသည်။ **DOCA(ကယား)**



## မြိတ်ဒေသ၌ ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

မြိတ် ဒီဇင်ဘာ ၂၆

မြိတ်ဒေသမှ တစ်ဖက်ထိုင်းနိုင်ငံသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ကားလမ်းကြောင်းဖြင့် ပရာကျွတ်ကရီခမ်သို့ ငါးအသားလွှာ ၇ ဒသမ ၂ တန် ရေကြောင်းလမ်းဖြင့် ရနောင်းမြို့သို့ ငါးမှုန့် ၈၂၅ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဒီဇယ်ဆီ တန် ၂၃၀၀၊ ဓာတ်ဆီ တန် ၈၅၀ နှင့် မွေးမြူရေးသုံး ပုစွန်စာ တန် ၃၀ တင်သွင်းနိုင်ခဲ့သည်။ ငွေကြေးဈေးကွက်အနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၁ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်မြေပဲဆန် ဝင်သလောက်အရောင်းအဝယ်ဖြစ်

ပြည် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာလအတွင်း ဆောင်းမြေပဲများ နယ်စုံတွင်စတင်ထွက်ပေါ်နေသဖြင့် ပြည်ဈေးကွက်ရှိ ပွဲရုံများသို့ လာရောက်ရောင်းချလျက်ရှိသည်။ နယ်စုံမှဝင်ရောက်လာသော မြေပဲဆန်များကို ပြည်ဈေးကွက်မှတစ်ဆင့် ဝယ်လက်များဝယ်ယူမှုရှိသဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။ ယခုအပတ်တွင် ပြည်ဈေးကွက်သို့ နယ်စုံမှတစ်နေ့လျှင် မြေပဲဆန်အိတ် ၁၄၀၀/၁၅၀၀ ခန့် ဝင်ရောက်လာခဲ့ကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မြေပဲဆန်လုံးဆန်(အနီ)ကို မန္တလေးဝယ်လက်များအဝယ်ရှိပြီး ဆီစက်များက ဆီကြိတ်မြေပဲဆန်ကို ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင်အိတ် ၁၀၀၀/၁၂၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်က မြေပဲဆန်လုံးဆန် (အဖြူ)ကို မြဝတီသို့ တင်ပို့ရန် ဝယ်ယူမှုရှိပြီး ယခုအပတ်တွင် ဝယ်လက်ပျောက်သွားသဖြင့် ဈေးအနည်းငယ်ကျဆင်းလာခဲ့သည်။ ယခုအပတ်မြေပဲဆန်ဈေးများမှာ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၄၃၀၀၊ လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် ယခင်အပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးကျလာခဲ့ပြီး မြေပဲဆန်လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် ဒေသတွင်း ပဲလှော်ဖိုသမားများနှင့် မန္တလေးဝယ်လက်သမားများ ဝယ်ယူမှုရှိသဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးမြင့်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA(ပဲခူး)**



## တူကီယဲနိုင်ငံက စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများတင်သွင်းမှုအတွက် အခွန်ကောက်ခံမှုကို သုညရာခိုင်နှုန်းထိ လျှော့ချ

ရန်ကုန် ဒီဇင်ဘာ ၂၆

တူကီယဲနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများ တင်သွင်းမှုများအတွက် အခွန်ကောက်ခံမှုများကို ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ သုညရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်းကို ဒီဇင်ဘာ ၁၅ ရက်တွင် တူကီယဲအစိုးရက တရားဝင်ကြေညာကြောင်း သိရသည်။ တူကီယဲနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများကို ပြည်တွင်းထုတ်လုပ်မှု မြင့်မားလာစေရန် စပါးတင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၃၄ ရာခိုင်နှုန်း၊ ဆန်ညိုတင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၃၆ ရာခိုင်နှုန်းနှင့် ဆန်ဖြူတင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၄၅ ရာခိုင်နှုန်းအထိ အသီးသီးချမှတ်ထားသည်။ သို့သော်လည်း လာမည့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းစားသောက်မှုဖူလုံစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများတင်သွင်းမှုနှင့်ပတ်သက်၍ သွင်းကုန်အခွန်ကို သုညရာခိုင်နှုန်း သတ်မှတ်လိုက်ကြောင်း သိရသည်။

**ရင်းမြစ်-tridge.com**

## ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ရာသီသီးနှံများ၏ဈေးကွက် ပို၍ခက်ခဲလာနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၆

ကမ္ဘာ့ရာသီသီးနှံ အဓိကငါးမျိုးဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ မုယောစပါးနှင့် ပဲပုပ်တို့၏ ဈေးကွက်သည် လာမည့် ၂၀၂၃ ခုနှစ်တွင် ပို၍ခက်ခဲလာနိုင်ဖွယ်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ရာသီသီးနှံ အဓိကငါးမျိုး၏ သိုလှောင်ချိန်ပမာဏ အချိုးအစားမှာ ပျမ်းမျှအားဖြင့် ယခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ တွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်း ခန့်ထိရှိပြီး ယခင်နှစ် ၂၀၂၁-၂၀၂၂ တွင်သီးနှံများ သိုလှောင်ချိန်ပမာဏအချိုးအစားမှာ ၁၉ ဒသမ ၈ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း၊ အဓိကသီးနှံတစ်မျိုးဖြစ်သည့် ဆန်သိုလှောင်မှုရာခိုင်နှုန်းမှာ ယခင်ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂ တွင် ၄၂ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ တွင် ၃၉ ဒသမ ၇ ရာခိုင်နှုန်းခန့်သာရှိနိုင်ပြီး ဂျုံသိုလှောင်မှု ရာခိုင်နှုန်းမှာ ယခင်ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂ တွင် ၁၅ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ တွင် ၁၄ ရာခိုင်နှုန်းခန့်သာ ရှိနိုင်မည်ဖြစ်သဖြင့် အဓိကရာသီသီးနှံများ၏ ဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် ခက်ခဲလာနိုင်ကြောင်းကို အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) သုတေသနအဖွဲ့က ပြောကြားကြောင်း သိရသည်။ **ရင်းမြစ်-USDA**

## ပြည်တွင်းရွှေဈေးကွက်အလားအလာ

ရန်ကုန် ဒီဇင်ဘာ ၂၆

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၈ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် သုံးဒေါ်လာ အနည်းငယ်ပိုမိုလာခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၂၁၁၈၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၃၅၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ် လေးသိန်းကျော်ခန့် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA ( ရန်ကုန်)**

## ၂၆-၁၂-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညံ့မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀(သစ်) | | ၁၃၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၄၀၀၀(သစ်) | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၇၈၀၀၀ |
| ၂ | လားရှိုး | ၂၀၀၀ | ၁၇၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၅၇၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၆၇၅၀၀၀ |
| ၄ | တောင်ကြီး | ၂၂၅၀ | ၂၁၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၈၀၀ | ၃၅၀၀ | ၉၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၅၀၀ | ၂၅၅၅၀၀၀ |
| ၅ | လွိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၆၈၅၀၀၀ |
| ၆ | ဘားအံ | ၂၀၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၇၆၀၀၀ |
| ၇ | မော်လမြိုင် | ၁၆၅၀(သစ်) | | ၁၃၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၅၀၀(သစ်) | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၈၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၁၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၃၀၀ | ၂၁၀၀ | ၇၀၀ | ၆၃၀၀ | ၅၂၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၉ | မြိတ် | ၂၁၀၀(သစ်) | | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၄၉၀၀ | ၅၀၀၀ | ၅၁၀၀ | ၂၅၀၀ | ၈၀၀ | ၆၁၀၀ | ၄၁၀၀ | ၄၈၀၀ | ၃၃၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၃၀၀(သစ်) | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၁၈၀၀(သစ်) | | ၁၃၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၂၅၀၀(သစ်) | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀(သစ်) | ၁၇၅၀ | ၁၁၅၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၅၀၀ | ၈၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၆၀၀ | | ၉၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၇၀၀ | ၈၀၀ | ၅၂၀၀ | ၆၄၀၀ | ၄၃၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၅၀၀၀ |
| ၁၅ | မန္တလေး | ၁၈၅၀(သစ်) | ၁၅၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၇၇၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၂၇၀၀(သစ်) | ၅၈၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၈၀၀ | ၅၅၀ | ၅၆၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၉၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၃၆၀၀(သစ်) | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၈၀၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀(သစ်) | | ၁၂၅၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၂၈၀၀(သစ်) | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၉၀၀၀၀ |
| ၁၉ | ပဲခူး | ၁၈၅၀(သစ်) | | ၁၃၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၃၈၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၃၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၂၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၉၀၀(သစ်) | | ၁၂၀၀၀ | ၅၇၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၉၀၀၀၀ |
| ၂၁ | နေပြည်တော် | ၁၉၀၀(သစ်) | | ၁၂၅၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၀၀၀ | ၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၉၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀(သစ်) | ၁၈၀၀ | ၁၁၀၀၀ | ၅၈၀၀ | | ၄၀၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ညံ့မထဆန် တစ်ပြည်လျှင် ဘားအံတွင် ၂၀၀ကျပ်၊ မုံရွာတွင် ၅၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မကွေးတွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်နှင့် မြိတ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံ နှင့် စစ်တွေတွင် ၅၀၀ကျပ် ၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ် ၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ် နှင့် မုံရွာတွင် ၁၀၀ကျပ် ၊ မြေပဲဆန်တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လွိုင်ကော်တွင် ၂၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ စစ်တွေ၊ ပခုက္ကူနှင့် ပြည်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လားရှိုးနှင့် တောင်ကြီးတွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၈၀၀ကျပ်၊ မုံရွာတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ၈၀၀ကျပ် ၊ (ကြူကုတ်စ) တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ် ၊ တောင်ကြီးတွင် ၂၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ် ၊ စစ်တွေတွင် ၃၀၀ကျပ် ၊ မြေပဲဆန် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးနှင့် ဘားအံတွင် ၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် လွိုင်ကော်တွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

(၃) ရန်ကုန်မြို့၏ ဒေါ်လာဈေးသည် ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းကို ကောက်ယူဖော်ပြထားခြင်းဖြစ်ပြီး မန္တလေးမြို့၏ ဒေါ်လာဈေးသည် ပြင်ပဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းအား ကောက်ယူဖော်ပြထားခြင်း ဖြစ်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့-**

- **ဖြတ်သန်းလာခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုး အနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။**
- **အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။**
- **NCA မှာလက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေပါဝင်လာစေဖို့အတွက် နှိုးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း(၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

**ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားအဝေးပြေးလမ်းမကြီးအား အဆင့်မြှင့်တင်ရန် တရုတ်နိုင်ငံ ထောက်ပံ့မည်**

စာမျက်နှာ » ၁၃

**KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြုပြီး Drop Bomb များ ကြဲချဖောက်ခွဲမှုကြောင့် ကော့ကရိတ်မြို့ ရွှေကြက်မင်း ဘုန်းကြီးကျောင်းမှ သံဃာတော်တစ်ပါး ပျံလွန်တော်မူ၊ ဦးပဉ္စင်း နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ဘုန်းကြီးကျောင်းသားတစ်ဦး တို့တွင် ထိခိုက်ဒဏ်ရာများရရှိ**

စာမျက်နှာ » ၁၄

## ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာခဲ့ပေမယ့် သရေရလဒ်နဲ့သာ စပါးအသင်း ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ်(၁၆)ရဲ့ ဒီဇင်ဘာ ၂၆ ရက် ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘရန်းဖို့ဒ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ စပါးအသင်းဟာ လူစုံထုတ်ကစားခဲ့ပေမယ့် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

**ကစားသမားအစုံအလင်နဲ့ ပွဲထွက်**

အဲဒီပွဲစဉ်မှာ စပါးအသင်းနည်းပြ ကွန်တီဟာ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုယ်စားပြုနိုင်ငံအသင်းတွေနဲ့အတူ ပွဲထွက်ကစားခဲ့တဲ့ စပါးကစားသမားတွေကို အနားပေးဖို့စီစဉ်ခဲ့ပေမယ့် ပြိုင်ပွဲစတင်ချိန်မှာတော့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ အဲဒီလိုကစားသမား အစုံအလင်နဲ့ ပွဲထွက်ခဲ့ပေမယ့် ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာ စာမျက်နှာ ၈ ကော်လံ ၁ သို့ ○



ဘရန်းဖို့ဒ်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## AFF Cup ပြိုင်ပွဲ အုပ်စု (က) တွင် အင်ဒိုနီးရှားနှင့်ထိုင်း နိုင်ပွဲဆက်

ရန်ကုန် ဒီဇင်ဘာ ၂၆

2022 AFF Cup ပြိုင်ပွဲ အုပ်စု (က) တတိယနေ့ကို ဒီဇင်ဘာ ၂၆ ရက်က ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားနှင့် ထိုင်းအသင်း နိုင်ပွဲဆက်ခဲ့သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူကွင်း၌ ကျင်းပသည့်ပွဲတွင် အင်ဒိုနီးရှားအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ အုပ်စုပထမပွဲတွင် အနိုင်ရထားသည့် အင်ဒိုနီးရှားအသင်းသည် အုပ်စုတွင်းအင်အားအနည်းဆုံး ဘရူနိုင်းအသင်းကို အဝေးကွင်း၌ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❒



ဘရူနိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ပွဲစဉ်များ ယနေ့ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

2022 AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

တတိယနေ့အဖြစ် ဒီဇင်ဘာ ၂၇ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ New Laos National Stadium ၌ လာအိုအသင်းနှင့် စင်ကာပူအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယနေ့တွင် မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ အခြားအသင်းများသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့အပြီးတွင် မလေးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းက တစ်ပွဲကစား သုံးမှတ်စီရရှိထားကာ မြန်မာနှင့် လာအိုအသင်းမှာမူ နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် အမှတ်မရသေးပေ။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻